ကာလေန ဓမ္မဿဝန် စေတံ မင်္ဂလမုတ္တမံ၊ သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၂၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၉၁)၊ အမှတ် (၁၈၀)

မျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံ့ခေါင်းဆောင်များနှင့် အတတ်ပညာရှင်များ တပ်မတော်ကိုအင်အားရှိအောင် တာဝန်သိစွာ ဝိုင်းဝန်းကူညီလျက်ရှိကြသည်

နိုင်ငံတော်မှာ ခေတ်မီတဲ့ ကာကွယ်ရေး စွမ်းအားရှိမှသာ အချုပ်အခြာအာဏာကို အပြည့်အဝ ကာကွယ်စောင့်ရှောက်နိုင်မှာ ဖြစ်တယ်။ ဒါ့ကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းမှာ အချုပ်အခြာ အာဏာကို ချစ်မြတ်နိုးပြီး မျိုးချစ်စိတ်ဓာတ်ရှိတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ၊ အတတ်ပညာရှင်တွေဟာ တာဝန်သိစွာနဲ့ တပ်မတော်ကို အင်အားရှိအောင်၊ ခေတ်မီအောင် ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြတာကို တွေ့ရမှာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၆၀) နှစ်မြောက်တပ်မတော်နေ့မိန့်ခွန်းမှ–

နိုင်ငံတော်အေးချမ်းလာသည်နှင့်အမျှတစ်နိုင်ငံလုံးအကြားအလပ်မရှိအောင်ဆက်လက်လုပ်ဆောင်ခဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အခြေခံအဆောက်အအုံများအစုအဖွဲ့လိုက်တည်ဆောက်ပေးလျက်ရှိ လမ်း၊တံတားကြီးများဆောက်လုပ်ပေးခဲ့၍ဒေသတစ်ခုနှင့်တစ်ခုအထောက်အကူပြုတိုးတက်လာ

ကမ္ဘာနှင့်ရင်ပေါင်တန်းပြီး ခေတ်မီစက်မှုနိုင်ငံဖြစ်အောင် ဆက်လက်ဆောင်ရွက်ကြ

ရန်ကုန် မတ် ၂၇

၂၀၀၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၆၀)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြွက်ကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ရဲဘော်တို့–

ဒီနေ့ဟာ မြန်မာ့သမိုင်းမှာ မော်ကွန်းဝင်တဲ့ (၆၀)နှစ်မြောက် တပ်မတော်နေ့ဖြစ်တယ်။ တပ်မတော်ဟာ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ သူတစ်ပါးသြဇာခံဘဝက အမျိုးသားတပ်မတော်ဘဝကို ကူးပြောင်းခဲ့ပြီး တပ်မတော်နဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ဖာတိမာန်ကို ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ စတင်ပြသခဲ့တဲ့နေ့လဲဖြစ်တယ်။ နိုင်ငံတော်၊ တပ်မတော်နဲ့ တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာဖြစ်တဲ့ ယခုလို နေ့ထူးနေ့မြတ်မှာ မှာကြားစရာရှိတာတွေကို အလေးအနက်မှာကြားသွားမှာဖြစ်တယ်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၆၀) နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားစဉ်။ (အပေါ်ဝဲပုံနှင့် အောက်ပုံ)
(မြန်မာ့အလင်း)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၂၈ ရက်)

တပ်မတော်နေ့ ဦးတည်ချက်များ အောင်မြင်အောင်ထမ်းဆောင် စွမ်းရည်ထက်မြက်မြင့်မားသည့် ခေတ်မီတပ်မတော်တည်ဆောက်

၁၉ ရာစုအတွင်းတွင် ကိုလိုနီနယ်ချဲ့တို့သည် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး မြန်မာနိုင်ငံကို မတရားသိမ်းပိုက်ခဲ့ကြသည်။ မြန်မာတိုင်းရင်းသားများသည် မျိုးချစ်စိတ်ဓာတ်မာန် ထက်သန်စွာဖြင့် ရရာလက်နက်စွဲကိုင်ကာ ခုခံတွန်းလှန်ခဲ့ကြသော်လည်း အားမတန်၍ မာန်လျှော့ခဲ့ရသည်။ သူ့ကျွန်ဘဝ တွင် နှစ်ပေါင်းတစ်ရာကျော် နေထိုင်ခဲ့ရပြီး နယ်ချဲ့တို့၏သွေးစုပ်ခြယ်လှယ်မှုမျိုးစုံကို ခံစားခဲ့ရသည်။

သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရခြင်းကို လေ့လာဆန်းစစ်ကြည့်ပါက မိမိတို့နိုင်ငံ၌ ခေတ်မီသည့် တပ်မတော်တစ်ရပ် မရှိခဲ့၍ လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ လွတ်လပ်ရေး ပြန်လည်ရရှိရန် ကြိုးပမ်းရာ၌ လက်နက်ကိုင်တော်လှန်ရေးကြီးကိုဆင်နွှဲနိုင်မှသာ အရေးတော်ပုံ အောင်မြင် နိုင်ကြောင်း သိရှိလာကြပြီး တပ်မတော်ဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြရခြင်းဖြစ်သည်။

အသက်သွေးချွေးပေါင်း မြောက်မြားစွာရင်းနှီးပြီး ပြန်လည်ရယူခဲ့ရသည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ခေတ်မီတပ်မတော်တစ်ရပ်ရှိရန်နှင့် တပ်မတော်နှင့် ပြည်သူသည် တစ်သားတည်းရှိရန် လိုအပ်သည်ဆိုသည်မှာ သမိုင်းသင်ခန်းစာပင်ဖြစ်သည်။

၂၀၀၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားရာတွင်–

"နိုင်ငံတော်မှာ ခေတ်မီတဲ့ ကာကွယ်ရေးစွမ်းအားရှိမှသာ အချုပ်အခြာအာဏာကို အပြည့်အဝ ကာကွယ်စောင့်ရှောက်နိုင်မှာဖြစ်တယ်။ ဒါ့ကြောင့် ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းမှာ အချုပ်အခြာအာဏာကို ချစ်မြတ်နိုးပြီး မျိုးချစ်စိတ်ဓာတ်ရှိတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ၊ အတတ်ပညာရှင်တွေဟာ တာဝန်သိစွာနဲ့ တပ်မတော်ကို အင်အားရှိအောင်၊ ခေတ်မီအောင် ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြတာကို တွေ့ရမှာ ဖြစ်တယ်"

ဟူ၍မိန့်ကြားသွားသည်။

နိုင်ငံတော်ကို အကြွင်းမဲ့ကာကွယ်နိုင်ရန်အတွက်လုံလောက်သည့်ကာကွယ်ရေးစွမ်းအားကို တည်ဆောက်ထားရမည်ဖြစ်သည်။ ကာကွယ်ရေးစွမ်းအားကို ထောက်ကူနိုင်ရန် စီးပွားရေးစွမ်းအား၊ ရေမြေပိုင်နက် သဘာဝတို့အပြင် လူဦးရေသည်လည်း အကျုံးဝင်သည်။ ထို့ကြောင့် နိုင်ငံသားတိုင်းသည် မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ကြရန်လိုအပ်သည်။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်သည်။

တပ်မတော်သည် မိမိ၏ အဓိကတာဝန်ကြီးသုံးရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ နိုင်ငံတော်ကိုကာကွယ်နိုင်ရန်အတွက် လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်။

တပ်မတော်သားများသည် ပြည်သူကြားက ပေါက်ဖွားလာသည့် ရင်နှစ်သည်းချာများဖြစ်သည့် အလျောက် ရောက်လေရာဒေသတိုင်းတွင် ပြည်သူ့အကျိုးစီးပွားကိုဖော်ဆောင်လျက်ရှိသည့်အပြင် နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ကျရောက်မည့်အန္တရာယ်မှန်သမျှကို ပြည်သူနှင့်လက်တွဲပြီး သက်စွန့်ကြိုးပမ်း တွန်းလှန် ခဲ့ကြသည်သာဖြစ်သည်။

တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာယူလိုက်ရခြင်းသည် ပြည်သူအပေါ်၌ ကျရောက် နေသည့် ဆိုးရွားလွန်းသော အခြေအနေအရပ်ရပ်ကြောင့်ပင်ဖြစ်သည်။ နိုင်ငံတော်၏တာဝန်ကို ယူလိုက်ရသည့်အတွက် တပ်မတော်သည် နိုင်ငံတော်၏အနာဂတ်အတွက်ပါ တာဝန်ရှိသွားသည်။ ထို့ကြောင့်လည်း အမျိုးသားနိုင်ငံရေးဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက် (၁၂)ရပ်ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရန် မနားမနေ ကြိုးပမ်းခဲ့သည်။

သို့ဖြစ်ရာ တပ်မတော်သားများအနေဖြင့် (၅၉)နှစ်မြောက်တပ်မတော်နေ့ဦးတည်ချက်များဖြစ်သော

- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊**
- **နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမား များကို ပြည်သူ့စစ်မဟာဗျူဟာဖြင့်ချေမှုန်းရေး၊**
- **နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်တို့ကို ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊**
- **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်းပြီး စွမ်းရည် ထက်မြက်သည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး၊**

တို့ကို အောင်မြင်အောင်ကြိုးပမ်းထမ်းဆောင်သွားကြမည်ဟု ယုံကြည်ကြောင်းနှင့် နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်နိုင်ရေးအတွက် စွမ်းရည်ထက်မြက်မြင့်မားသည့် ခေတ်မီတပ်မတော် တည်ဆောက်နိုင်ရေးအတွက် အတတ်ပညာရှင်များနှင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မတ် ၂၇

၂၀၀၅ ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြော ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ခန်းမဆောင်၌ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းတက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲတက်ရောက်

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ် စိုးမောင်၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ဗိုလ်မှူးချုပ် သိန်းထိုက်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ် ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ် လှရွှေနှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီး များ၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည် တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြော ပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ ဆုရရှိကြသူများနှင့် ပြိုင်ပွဲဝင် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့် ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အဖွင့် အမှာစကား ပြောကြားသည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် (၅၉)နှစ်မြောက် တပ် မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း က (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ဗဟိုအဆင့် စစ်သည် တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြော ပြိုင်ပွဲ၊ အရာရှိအဆင့် စစ်သည်တော် ကျင့်ဝတ် ပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)မှ ဗိုလ်မင်းသူ၊ ဒုတိယဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်ကြီးဒေါ်ဖြူဖြူဖွေး မြင့်၊ တတိယဆုရ ကာကွယ်ရေးဦးစီး ချုပ်ရုံး(လေ)မှ ဗိုလ်ကျော်ဇောလင်း၊ အရာရှိအဆင့် ကျပန်းစကားပြောပြိုင်ပွဲ တွင် ပထမဆုရ အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်ကြီးလင်းသူ၊ ဒုတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီးဒေါ်ခင်နှင်းမြင့်နှင့် တတိယ ဆုရ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာန ချုပ်မှ ဒုတိယဗိုလ်သိန်းဇော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက အရာခံအဆင့် စစ်သည် တော်ကျင့်ဝတ် ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယ အရာခံဗိုလ် ညွန့်ဝင်း၊ ဒုတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ အရာခံ ဗိုလ်ကျော်အေးနှင့် တတိယ ဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ လေကြောင်းလမ်းပြ(၁) အောင်ဇော် ထွန်း၊ အရာခံအဆင့် ကျပန်းစကား ပြောပြိုင်ပွဲတွင် ပထမဆုရ ကာကွယ် ရေး ဦးစီးချုပ်ရုံး(လေ)မှ လေကြောင်း လမ်းပြ (၁)အောင်သန်းထွန်း၊ ဒုတိယ ဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ လေကြောင်းအချက်ပြကြီး စိုးလွင်မိုး နှင့် တတိယဆုရ ကာကွယ်ရေးဦးစီး ချုပ်ရုံး (ရေ)မှ ဒုတိယအရာခံဗိုလ် စိုးသိန်းတို့အား လည်းကောင်း၊ စစ် ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်က အကြပ် အဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ တွင် ပထမဆုရ ရန်ကုန်တိုင်း စစ်ဌာန ချုပ်မှ ဒုတိယတပ်ကြပ် သန်းဦး၊ ဒုတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှတပ်ကြပ်ကြီး အောင်ကျော် ဌေးနှင့် တတိယဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်ကြပ်သန်းဌေး၊ အကြပ်အဆင့် ကျပန်းစကားပြော ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်ကြပ်ကြီး ဖြိုးမောင် လှ၊ ဒုတိယဆုရ အမှတ်(၁၀) စစ်ဆင် ရေးကွပ်ကဲမှု ဌာနချုပ်မှ တပ်ကြပ် မျိုးဆွေနှင့် တတိယဆုရ၊ အနောက် တောင်တိုင်း စစ်ဌာနချုပ်မှ ဒုတိယ တပ်ကြပ်သက်မြင့်ထွေးတို့အားလည်း ကောင်း၊ ဗဟိုအဆင့် စစ်သည်တော် ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေး၊ ဆုချီးမြှင့်ရေးနှင့် ဘဏ္ဍာ ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တွဲဖက် စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက တပ်သားအဆင့် စစ်သည်တော် ကျင့်ဝတ် ပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေး ဝန်ကြီးဌာန စခန်းမှူး ရုံးမှ တပ်သားဉာဏ်စိုး၊ ဒုတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)မှ တပ် သား ကျော်မင်းထွန်းနှင့် တတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ တပ်သား မျိုးညွန့်၊ တပ်သားအဆင့် ကျပန်းစကားပြော ပြိုင်ပွဲတွင် ပထမ ဆုရ အနောက်တောင်တိုင်း စစ်ဌာန ချုပ်မှ တပ်သား ကျော်ဇေယျ၊ ဒုတိယ ဆုရ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) မှ တပ်သား ရဲဇော်ထူးနှင့် တတိယ ဆုရ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)မှ တပ်သားအောင်ဇော်ဝင်းတို့အားလည်း ကောင်း ဆုများ အသီးသီးချီးမြှင့်ကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အဆင့်တိုးမြှင့်

ဆုများချီးမြှင့်ရာတွင် (၅၉)နှစ် မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ် နှင့် ကျပန်းစကားပြောပြိုင်ပွဲ အရာရှိ၊ အရာခံ၊ အကြပ်နှင့် တပ်သား အဆင့် ပြိုင်ပွဲများတွင် အဆင့်လိုက် ပထမ ရရှိသူများအား တပ်မတော်ကာကွယ် ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်နှင့် အဆင့်တိုးမြှင့်ခြင်း ခံရသော ပထမဆုရ အရာခံ၊ အကြပ်၊ တပ်သားများအား အဆင့်တိုးမြှင့် ကြောင်း တပ်မတော်မှတ်တမ်းရုံး၏ အပိုင်း(၂) အမိန့်များကိုပါ တစ်ပါ တည်း ချီးမြှင့်သည်။

အလားတူ ဂုဏ်ပြုဆုငွေအဖြစ် ပထမရရှိသူများအား ဆုငွေကျပ် တစ်သိန်း၊ ဒုတိယရရှိသူများအား ဆုငွေကျပ် ၉၀၀၀၀၊ တတိယရရှိသူ များအား ဆုငွေကျပ် ၈၀၀၀၀ နှင့် အထူးဆုရရှိသူတစ်ဦးလျှင် ဆုငွေကျပ် ၃၀၀၀၀စီ ချီးမြှင့်သည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ညစ်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပ

ရန်ကုန် မတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရာ ဇေယျာသီရိဗိမာန်သို့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရောက်ရှိလာကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းတို့နှင့်အတူ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှအကြီးအကဲများ၊ ဌာနေကိုယ်စားလှယ်များ၊ စစ်သံမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲတက်ရောက်

အဆိုပါ (၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး၊ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့ ၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကာကွယ်ရေးဦးစီးချုပ်(လေ)၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်များ၊ ဒုတိယ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဒုတိယ မြို့တော်ဝန်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ အကြီးအကဲများနှင့် ဌာနေကိုယ်စားလှယ်များ၊ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဝင်များ၊ပြည်တွင်း ပြည်ပသတင်းစာဆရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ မိနာမိကီကန်း အဖွဲ့ဝင်ဟောင်းများ၊ ဂျပန်-မြန်မာသမိုင်းနှင့်ယဉ်ကျေးမှုအသင်း (Japan and Myanmar Society for History & Culture) မှ ပုဂ္ဂိုလ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ အကြီးအကဲများ၊ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြု ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများဖြင့်လည်းကောင်း၊ ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုအကပဒေသာတို့ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက်တပ်မတော်နေ့ပြပွဲ
တပ်မတော်စစ်သမိုင်းပြတိုက်
(ရွှေတိဂုံဘုရားလမ်း)
(၂၆-၃-၂၀၀၄ မှ ၄-၄-၂၀၀၄)
(မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။)

တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲဆက်လက်ပြသ

ရန်ကုန် မတ် ၂၇

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ဒုတိယနေ့အဖြစ် ဆက်လက် ဖွင့်လှစ်ပြသလျက်ရှိသည်။

ယင်းပြပွဲများတွင် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် တပ်မတော်ခန်းမရှိ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း၌ ဗဟုသုတဉာဏ်စမ်းမေးခွန်းလွှာ ဖြေဆိုမှုပြိုင်ပွဲကို နေ့စဉ် မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆိုဝင်ရောက်ဖြေဆိုနိုင်ကြပြီး ဆုရရှိသူများအား နေ့စဉ်ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ယနေ့ပြပွဲသို့ ရဟန်းရှင်လူ ပြည်သူများ၊ နိုင်ငံခြားသားများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၃၀၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာကြသည်။
(သတင်းစဉ်)

အီရတ်ကိုယ်စားလှယ်အဖွဲ့ကို တရုတ်သမ္မတ လက်ခံတွေ့ဆုံ နိုင်ငံတည်ဆောက်ရေး ကုလအခန်းကဏ္ဍ တရုတ်ထောက်ခံ

ပေကျင်း မတ် ၂၆

တရုတ်သမ္မတ ဟူကျင်တောင်သည် တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အီရတ်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့သည်။ အီရတ်အုပ်ချုပ်မှုကောင်စီ၏ လက်ရှိဥက္ကဋ္ဌ မိုဟာမက်ဘာရီအယ်အူလွမ် ခေါင်းဆောင်သောအဖွဲ့သည် ဂျပန်နိုင်ငံမှ တစ်ဆင့် တရုတ်နိုင်ငံသို့ နှစ်ရက်ကြာခရီးစဉ်အဖြစ် လာရောက်လည်ပတ်ခြင်းဖြစ်သည်။

အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေး၌ အာရှနိုင်ငံများက ထောက်ခံမှုရရှိရေး ရည်ရွယ်ကာ လာရောက်သည့် အီရတ်ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံရာတွင် တရုတ်သမ္မတက အီရတ်နှင့် ယခင်ကပင် တည်ရှိခဲ့သည့် ဆက်ဆံရေးကို အလေးထားကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်စေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကတိပြု

အီရတ်ပြန်လည်တည်ဆောက်ရေး၌ ကုလသမဂ္ဂ၏ အခမ်းကဏ္ဍကို တရုတ်နိုင်ငံကထောက်ခံကြောင်း၊ တရုတ်နိုင်ငံက အီရတ်နိုင်ငံတည် ဆောက်ရေးအတွက် ဒေါ်လာ ၂၄ သန်းထည့်ဝင်ရန်လည်း ကတိပြုထားကြောင်း ပြောကြားခဲ့သည်။

အီရတ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ကလည်း ယခုခရီးစဉ်ကြောင့် နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်ခိုင်မြဲစေရေးနှင့် အခြေခံအဆောက်အအုံများတည်ဆောက်ရေးနှင့်၊ လူသားစွမ်းအင်အရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍများတွင် နှစ်နိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

မျှော်လင့်

ထို့အပြင် တရုတ်နိုင်ငံအနေဖြင့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် တရုတ်နိုင်ငံ၏ တက်ကြွစွာပါဝင်မှုကို မျှော်လင့်ကြောင်းလည်း ပြောကြားခဲ့သည်။ အီရတ်ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံခရီးစဉ်အတွင်း နိုင်ငံတော်ကောင်စီဝင် တောင်ဂျာရွှမ်းနှင့် တွေ့ဆုံမည်ဖြစ်ရာ တရုတ်နိုင်ငံ၏ နာမည်ကျော် ကျုံ့ဂွမ်ဆွမ်းအဆင့်မြင့်နည်းပညာဇုန်သို့လည်းသွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

(စီစီတီဗွီ)

အီရတ်စစ်ပွဲသည် တရားမျှတသော စစ်ပွဲမဟုတ် စပိန်ပြည်သူများငင်းတို့၏တပ်ဖွဲ့ဝင်များကို ပြန်ခေါ်လို

မက်ဒရစ် မတ် ၂၆

စပိန်နိုင်ငံ၌ ပြုလုပ်သည့် စစ်ဆန့်ကျင်ရေးများသည် မကြာမီက ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုကို အထိရောက်ဆုံးတုံ့ပြန်မှုတစ်ရပ်ဖြစ်ခဲ့သည်။

စပိန်ဝန်ကြီးချုပ်အဖြစ် အရွေးခံရသူက အီရတ်ရှိ ၎င်း၏တပ်ဖွဲ့များကို ပြန်ခေါ်ယူရန် သန္နိဋ္ဌာန်ချထားပြီး ဖြစ်သည်။ စပိန်နိုင်ငံတွင် အီရတ်စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများကျင်းပခဲ့ရာ အကြမ်းဖက်မှုကိုလည်း ရှုတ်ချခဲ့သည်။ အကြမ်းဖက်သမားများကြောင့် စပိန်နိုင်ငံသည် ရာစုနှစ်အတော်များများ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရပြီး အီရတ်စစ်ကြောင့် ယခုနောက်ထပ်အကြမ်း ဖက်မှုများ ထပ်မံပေါ်ပေါက်လာခဲ့သည်ဟု ဆန္ဒပြသူတစ်ဦးက ပြောကြားခဲ့သည်။

စပိန်ပြည်သူများသည် ၎င်းတို့တပ်ဖွဲ့များကို အီရတ်မှ ပြန်လည်ခေါ်ယူလိုပြီး အီရတ်စစ်ပွဲသည် တရားမျှတမှုရှိသော စစ်ပွဲမဟုတ်ကြောင်း၊ သေဆုံးမှုများမှာ အီရတ်စစ်ပွဲတွင် သာမက နေရာအနှံ့အပြား၌ ဖြစ်ပွားနေကြောင်း ဆန္ဒပြသူများက ပြောကြားခဲ့သည်။ အီရတ်အရေးကိစ္စ၌ စပိန်နိုင်ငံ၏ အမြင်သည် ယခုပြောင်းလဲ လာပြီဟုသိရသည်။ ယခုလ ၁၁ ရက်၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုသည် အီရတ်နိုင်ငံသို့ စပိန်တပ်ဖွဲ့များစေလွှတ်မှုနှင့် တိုက်ရိုက် ပတ်သက်မှုရှိမည်ဟု ယူဆကြပြီး စပိန်သတင်းစာဆရာတစ်ဦး အီရတ်၌ သေဆုံးမှုသည် စပိန်ဝန်ကြီးချုပ် အက်ဇာနာ၏ တာဝန်မကင်းကြောင်းလည်း စွပ်စွဲပြောကြားခဲ့သည်။

(စီအက်ဖ်အိုင်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ရေနံတွင်းမီးလောင်

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့ရှိ ကူဘာဇာ ရေနံတွင်းမီးလောင် နေသည်ကို မတ် ၂၆ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်နှင့် မိုက်ခရိုနီးရှားနိုင်ငံတို့ နှစ်နိုင်ငံဆက်ဆံရေးအလေးထား

ပေကျင်း မတ် ၂၄

တရုတ်သမ္မတ ဟူကျင်တောင်၏ဖိတ်ကြားချက်အရ တရုတ်နိုင်ငံ အလည်အပတ်ခရီးစဉ်အတွက် မိုက်ခရိုနီးရှားနိုင်ငံသမ္မတသည် ပေကျင်းမြို့သို့ ရောက်ရှိလျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် မိုက်ခရိုနီးရှား နှစ်နိုင်ငံဆက်ဆံရေးကို အလေးထားကြောင်းနှင့် ငြိမ်းချမ်းရေးကိုအခြေခံကာ နိုင်ငံခြားရေးရာမူဝါဒကို ချမှတ်ဆောင်ရွက်မည် ဖြစ်ကြောင်း ခေါင်းဆောင်နှစ်ဦးတွေ့ဆုံစဉ် တရုတ်သမ္မတဟူကျင်တောင်က ပြောကြားခဲ့သည်။

ထို့အပြင် ဒေသတွင်း တည်ငြိမ်ရေးအတွက် တောင်ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သော မိုက်ခရိုနီး ရှားနိုင်ငံ၏ ဆောင်ရွက်မှုကို တရုတ်နိုင်ငံက အပြည့်အဝ ထောက်ခံကြောင်း လည်း ဟူကျင်တောင်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ချိန်ကစပြီး မိတ်ဆွေဖြစ် ချစ်ကြည်ရင်းနှီးမှု၏အကျိုးကို နှစ်နိုင်ငံ ပြည်သူများ ခံစားရရှိခဲ့ကြောင်း မိုက်ခရိုနီးရှားသမ္မတက ပြောကြားခဲ့သည်။ ကဏ္ဍပေါင်းစုံ၌ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် မိုက်ခရိုနီးရှားနိုင်ငံက အသင့်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။ **(စီစီတီဗွီ)**

လက်ဦးမှုယူပြီး အီရတ်ကိုတိုက်သည့် ဆုံးဖြတ်ချက် လုံခြုံရေးကောင်စီ မချမှတ်ဟုဆို

ဘဂ္ဂဒက် မတ် ၂၆

အီရတ်စစ်ပွဲမတိုင်မီကာလက အီရတ်နိုင်ငံအတွင်း အစွမ်းထက်လက်နက်များ သွားရောက်ရှာဖွေခဲ့သော စစ်ဆေးရေးအဖွဲ့များ၏ ခေါင်းဆောင် ဟန်းဘလစ်ဇ်အား စီအင်န်အင်န် သတင်းထောက်က အီရတ်လက်နက်များနှင့်ပတ်သက်ပြီး မေးမြန်းခဲ့သည်။ ဘလစ်ဇ်က ထောက်လှမ်းရေးအဖွဲ့အစည်းများက ရရှိသောသတင်းများအတိုင်း အီရတ်နိုင်ငံတွင် အစွမ်းထက် လက်နက်များရှာဖွေခဲ့ရာ လုံးဝမတွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် ရရှိထားသော ထောက်လှမ်းရေးသတင်း အရင်းမြစ်များ၏ ခိုင်မာမှုအပေါ် သံသယဝင်ကြောင်း၊ အီရတ်မှထွက်ပြေးလာသူများက လက်နက်များရှိရာနေရာကို မှန်းဆပြောကြားခြင်းဖြစ်နိုင်ကြောင်း ဖြေကြားခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်အများစုက လက်နက်များစစ်ဆေးရန်အတွက် အချိန်ပိုမိုပေးအပ်စေလို ကြသော်လည်း အမေရိကန်၊ ဗြိတိန်၊ စပိန်နှင့် ဘူလ်ဂေးရီးယားတို့က စစ်ဆင်နွှဲရန်တစ်ဖက်သတ်ဆုံးဖြတ်ခဲ့ကြကြောင်း လုံခြုံရေးကောင်စီအဖွဲ့ဝင်အများစုက ကန့်ကွက်သည့် ကြားကပင် အီရတ်စစ်ပွဲဆင်နွှဲခြင်းကြောင့် လုံခြုံရေးကောင်စီ၏ အခွင့်အာဏာကို လျော့ပါးစေခဲ့သည်မှန်သော်လည်း ယခုလိုလက်ဦးမှုရယူပြီး ကျူးကျော်တိုက်ခိုက်ခွင့်ပြုသည့် ဆုံးဖြတ်ချက်မျိုး ခွင့်ပြုချမှတ်မည်မဟုတ်ကြောင်း ဘလစ်ဇ်က ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

ကြည့်ရှု

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် ဖြတ်သန်းသွားသော အမေရိကန် ယာဉ်တန်းကို ပစ်မှတ်ထားပြီး လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ရာ ချိုင့်ကြီးဖြစ်သွားသည်ကို မတ် ၂၆ရက်က အီရတ်တို့ ကြည့်ရှုနေ ကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၅၈၄ ဦးရှိပြီ

ဝါရှင်တန် မတ် ၂၅

အီရတ်နိုင်ငံတွင် စစ်ဆင်ရေးစတင်ခဲ့သည်မှ မတ် ၂၅ရက် ကြာသပတေးနေ့ရောက်ချိန်တွင် အီရတ်၌ သေဆုံးသွားခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ၅၈၄ ဦးရှိပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါသေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်များအနက် ၃၉၄ ဦးမှာ တိုက်ပွဲ၌သေဆုံးခြင်းဖြစ်ပြီး ၁၉၀မှာ တိုက်ပွဲ၌သေဆုံးခြင်းမဟုတ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရတ်နိုင်ငံအား ကျူးကျော် တိုက်ခိုက်ခဲ့သည့် အခြားတပ်ဖွဲ့ဝင်များ၏သေဆုံးမှုမှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ ဦး၊ အီတလီ ၁၇ဦး၊ စပိန်ရှစ်ဦး၊ ဘူလ်ဂေးရီးယားငါးဦး၊ ယူကရိန်းသုံးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦး၊ ဒိန်းမတ်၊ အက်စ်တိုနီးယားနှင့် ပိုလန် တစ်ဦးစီသေဆုံးခဲ့ကြောင်း ဗြိတိသျှ စစ်တပ်က သတင်းထုတ်ပြန်သည်။

အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်က မေ ၁ရက်၌ အီရတ်အဓိကစစ်ပွဲကြီးပြီးဆုံးကြောင်း ကြေညာပြီး နောက် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၄၄၆ဦးရှိပြီး ယင်းအနက် ၂၇၉ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၁၆၇ဦးမှ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်။ စစ်ပွဲစတင်သည်မှ တိုက်ပွဲ၌ဒဏ်ရာရသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၂၉၄၉ ဦးရှိပြီး ၄၃၄ ဦးမှာ တိုက်ပွဲကြောင့် မဟုတ်ကြောင်း အမေရိကန်စစ်တပ်က ပြောကြားသည်။

(အင်တာနက်)

ဝန်ကြီးများ၊ တရားရုံးချုပ်တရားသူကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာနိုင်ငံခြားသံရုံးများမှစစ်သံမှူးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ အကြံပေးပုဂ္ဂိုလ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြည်သူ့ဆက်ဆံရေးနှင့်သတင်း ဖြန့်ချိရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဗဟိုဌာနချုပ်မှကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့်လက်အောက်ခံတပ်ရင်း၊ တပ်ဖွဲ့များမှတပ်မတော်အရာရှိကြီးများ၊ ပြည်တွင်း၊ ပြည်ပသတင်းစာဆရာများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှရဲအရာရှိကြီးများ၊ မီးသတ်အခမ်းအနားသို့စစ်ကြောင်းကြီးအလိုက်ချီတက်ရန် နံနက် ၅ နာရီတွင်စုရပ်အဖြစ်ထားရှိသည့် မြို့မ အားကစားကွင်း၌စတင်စုရုံးရောက်ရှိ နေရာယူကြသည်။

စစ်ရေးပြမှူးကြီးထံတပ်အပ်

ယင်းသို့ရောက်ရှိနေရာယူကြပြီးနောက်နံနက် ၆နာရီတွင်စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီးမင်းနိုင်ကစစ်ရေးပြအခမ်းအနားကျင်းပရာတော်လှန်ရေးပန်းခြံသို့ချီတက်ကြမည့် စစ်ကြောင်းကြီးကိုးကြောင်း၏စစ်ရေးပြမှူးကြီးဗိုလ်မှူးချုပ်မင်းသိန်းထံတပ်ကိုအပ်သည်။

နေရာယူ

စစ်ကြောင်းကြီးများမြို့မကွင်းမှတော်လှန်ရေးပန်းခြံသို့မထွက်ခွာမီတပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့်စစ်တီးဝိုင်းတပ်မှတပ်ကြပ်ကြီး ကျော်နိုင်ဦးဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးဟန်မင်းလှိုင်ခေါင်းဆောင်သော အမြောက်တပ်ဖွဲ့၊ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု အနော်ရထာစစ်ကြောင်းဂုဏ်ပြုတပ်ခွဲ၊ အနော်ရထာစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကိုကိုသန့်၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်ဇော်ဦး ခေါင်းဆောင်သည့် အနောက်တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊တပ်ခွဲမှူးဗိုလ်မှူးသန်းလှိုင် ခေါင်းဆောင်သည့် အမှတ်(၁၀၁)ခြေမြန်တပ်မ ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊တပ်ခွဲမှူးဗိုလ်မှူးခင်မောင်လှိုင် ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ တပ်ခွဲမှူးဗိုလ်မှူးဝင်းဇော်စိုးခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)၊ တပ်ခွဲမှူး ဗိုလ်မှူး ဇော်ဇော်နိုင် ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်း စစ်ဌာနခြေမြန်တပ်မဌာနချုပ် စစ်တီးဝိုင်း၊ တပ်ခွဲမှူးဗိုလ်မှူးသိန်းတန်ခေါင်းဆောင်သည့် အမှတ်(၃၃)ခြေမြန် တပ်မဌာနချုပ်ကိုယ်စားပြု ကျန်စစ်သား စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ကျန်စစ်သားစစ်ကြောင်းတပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီးခင်မြင့်၊ တပ်ခွဲမှူး ဗိုလ်မှူးတင်အောင်ထွန်း ခေါင်းဆောင်သည့် အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးတင်ကိုကို ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးရန်နောင် ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၃)၊ တပ်ခွဲမှူး ဗိုလ်မှူးခင်မောင်လေးခေါင်းဆောင်သည့်တောင်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊တပ်ခွဲမှူးဗိုလ်မှူးဇင်အောင်အေး ခေါင်းဆောင်သည့်အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်

(၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ရေးပြစစ်ကြောင်းကြီးများက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြစဉ်။ (မြန်မာ့အလင်း)

✳ ကျောဖုံးမှ

ကာကွယ် စောင့်ရှောက်နိုင်ရေးအတွက် အင်အား တောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး ဟူသော ၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များနှင့်အညီ ယနေ့နံနက် ၇နာရီ ခွဲတွင်ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တော်လှန်ရေးပန်းခြံ၌ ကျင်းပသော (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ မိန့်ခွန်းမြွက်ကြားသည်။

အခမ်းအနားတက်ရောက်

အဆိုပါ (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့နိုင်ငံတော်ဝန်ကြီးချုပ်တပ်မတော်ထောက်လှမ်းရေးမှူးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသောကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ကာကွယ်ရေးဦးစီးချုပ် (လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးညဏ်ထွန်း၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ်ဗိုလ်မှူးချုပ်သိန်းထိုက်၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများ၊ ဒုတိယဦးစီးဌာန၊အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော မော်ကွန်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှဗဟိုဌာနချုပ်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များ၊ မိနာမိကီကန်းအဖွဲ့ဝင်ဟောင်းများ၊ ဂျပန်မြန်မာသမိုင်းနှင့်ယဉ်ကျေးမှုအသင်းမှပုဂ္ဂိုလ်များ၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင်ဆုရရှိကြသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ကြသည့် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များသည် တော်လှန်ရေးပန်းခြံ၌ ကျင်းပမည့် စစ်ရေးပြခေါင်းဆောင်သည့် လေအိတ်ပလွေပိုက်တပ်စု၊ တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့်စစ်တီးဝိုင်းတပ်မှတပ်ကြပ်ကြီးမြတ်ကျော်သူ ဦးဆောင်သည့် ဗဟိုစစ်တီးဝိုင်းအဖွဲ့တို့သည် မြို့မကွင်းမှတော်လှန်ရေးပန်းခြံသို့ ကြိုတင်ထွက်ခွာပြီး တော်လှန်ရေးပန်းခြံအတွင်းသတ်မှတ်ထားသည့်နေရာ၌ အသီးသီးနေရာယူကြသည်။

အနော်ရထာစစ်ကြောင်းချီတက်

ထို့နောက် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း ဦးဆောင်၍ ယင်းနောက်မှ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီးမင်းနိုင်၊ ၎င်းနောက်မှ အလံတော်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးမိုးဇော်၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် ဒုအရာခံဗိုလ် အောင်သန်းဦးတို့ခေါင်းဆောင်ပြီး ပြည်ထောင်စုအလံများနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)အလံများပါဝင်သော အလံတော်အဖွဲ့နှင့် စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူးချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် တပ်ခွဲမှူး ဗိုလ်မှူးကျော်ကျော်ဦး ခေါင်းဆောင်သည့်အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂) တို့မှ တပ်မတော်သားများက အနော်ရထာစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ကျန်စစ်သားစစ်ကြောင်းချီတက်

အလားတူအနော်ရထာစစ်ကြောင်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သိန်းတန် ဦးဆောင်ပြီး ဗိုလ်မှူးအောင်ထွန်းနိုင် ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ရေ၊လေ)အလံတော်အဖွဲ့၊ တပ်ကြပ်ကြီး အောင်ဇော်လတ် ခေါင်းဆောင်သည့် အမှတ်(၃၃)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် တပ်ခွဲမှူး ဗိုလ်မှူးတင်မောင်ထွဋ် ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့မှ တပ်မတော်သားများက ကျန်စစ်သားစစ်ကြောင်း အမည်ဖြင့် ချီတက်ကြသည်။

ဘုရင့်နောင်စစ်ကြောင်းချီတက်

ထို့အတူကျန်စစ်သားစစ်ကြောင်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းဝင်း ဦးဆောင်ပြီး ဗိုလ်မှူး ရဲဝင်းအောင် ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ရေ၊လေ) အလံတော်အဖွဲ့၊ တပ်ကြပ်တင်ဆန်းခေါင်းဆောင်သည့်

စာမျက်နှာ ၆ ကော်လံ ၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာသော ဖိတ်ကြားထားသည့် မော်ကွန်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ဧည့်သည်တော်များအားတွေ့ရစဉ်။ (မြန်မာ့အလင်း)

နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ထောက်လှမ်းရေးမှူးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသော မီနာမီကီကန်းအဖွဲ့ဝင်ဟောင်းများအား နှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းနှင့်အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကို တက်ရောက်လာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများအားတွေ့ရစဉ်။ (မြန်မာ့အလင်း)

စာမျက်နှာ ၅ မှ

အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ် စစ်တီးဝိုင်းအဖွဲ့၊ တပ်ခွဲမှူး ဗိုလ်မှူး ထူးမြတ်တိုးခေါင်းဆောင်သည့် သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ဘုရင့်နောင် စစ်ကြောင်းဂုဏ်ပြုတပ်ခွဲ၊ ဘုရင့် နောင်စစ်ကြောင်းတပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီးလှုဇော်၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်ကိုဦး ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူးဗိုလ်မှူးအေးလွင်ခေါင်းဆောင်သည့် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးစိုးထိုက် ခေါင်းဆောင်သည့် ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဝေဇင်ထွန်းခေါင်းဆောင်သည့် အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူးဗိုလ်မှူးနိုင်ဒင်လတ် ခေါင်းဆောင်သည့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ(၂) နှင့် တပ်ခွဲမှူး ဗိုလ်မှူးတင်ဇော်လတ် ခေါင်းဆောင်သည့် ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့မှ တပ်မတော်သားများက ဘုရင့်နောင်စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

နဝဒေးစစ်ကြောင်းချီတက်

အလားတူဘုရင့်နောင်စစ်ကြောင်း နောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်သော်(ရေ) ခေါင်းဆောင်ပြီး ဗိုလ်မှူးစောခွန်ချို(ရေ)ခေါင်းဆောင်သည့် တပ်မတော် (ကြည်း၊ရေ၊လေ) အလံတော်အဖွဲ့၊တပ်ကြပ်ကြီးကျော်ကျော် ခေါင်းဆောင်သည့် ရေတပ်စစ်တီးဝိုင်းအဖွဲ့၊ တပ်ခွဲမှူး ဗိုလ်မှူးကျော်ထွေး(ရေ) ခေါင်းဆောင်သည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု နဝဒေး စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ နဝဒေး စစ်ကြောင်း တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီး အောင်သန်း(ရေ)၊ တပ်ခွဲမှူး ဗိုလ်မှူး မိုးသူရ ခေါင်းဆောင်သည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူးဗိုလ်မှူးကျော်ထွန်းခေါင်းဆောင်သည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးစိုင်းကျော်သူ ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၃)၊ တပ်ခွဲမှူး ဗိုလ်မှူးသာဌေးကျော်ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၃)၊ တပ်ခွဲမှူး ဗိုလ်မှူး ဇော်ဝင်း ခေါင်းဆောင်သည့် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် တပ်ခွဲမှူး ဗိုလ်မှူး ဇော်ဇော်နိုင် ခေါင်းဆောင်သည့်အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့မှ တပ်မတော်သားများက နဝဒေး စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

အောင်ဇေယျစစ်ကြောင်းချီတက်

ထို့အတူ နဝဒေးစစ်ကြောင်း နောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး တင့်ဝေဦးဆောင်ပြီး ဗိုလ်မှူးကျော်တင့်မောင်ခေါင်းဆောင်သည့် တပ်မတော် (ကြည်း၊ရေ၊လေ)အလံတော်အဖွဲ့၊ တပ်ကြပ်ကြီးဝင်းမိုးခေါင်းဆောင်သည့် အမှတ် (၁၁)ခြေမြန်တပ်မဌာနချုပ် စစ်တီးဝိုင်းအဖွဲ့၊တပ်ခွဲမှူးဗိုလ်မှူးနေမျိုးဦး ခေါင်းဆောင်သည့် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု အောင်ဇေယျစစ်ကြောင်းဂုဏ်ပြုတပ်ခွဲ၊ အောင်ဇေယျ စစ်ကြောင်း တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ဇော်၊ တပ်ခွဲမှူး ဗိုလ်မှူး ကျော်ကျော်ဝင်း ခေါင်းဆောင်သည့် စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဝင်းမြတ် ခေါင်းဆောင်သည့်အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးကိုကိုအောင်ခေါင်းဆောင်သည့် တြိဂံဒေသ တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးစိန်လွင်ဝင်းခေါင်းဆောင်သည့် အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် တပ်ခွဲမှူး ဗိုလ်မှူးဝင်းနိုင်ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့မှ တပ်မတော်သားများက အောင်ဇေယျ စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ဆင်ဖြူရှင်စစ်ကြောင်းချီတက်

အလားတူ အောင်ဇေယျ စစ်ကြောင်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး တင်နိုင်ထွန်း(လေ) ဦးဆောင်ပြီး ဗိုလ်မှူးထွန်းထွန်းဝင်း(လေ)ခေါင်းဆောင်သည့် တပ်မတော် (ကြည်း၊ရေ၊လေ)အလံတော်အဖွဲ့၊ တပ်ကြပ်ကြီးမြင့်စိုးခေါင်းဆောင်သည့် လေတပ်စစ်တီးဝိုင်းအဖွဲ့၊ တပ်ခွဲမှူး ဗိုလ်မှူးမောင်မောင်စိုး(လေ)ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု ဆင်ဖြူရှင်စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဆင်ဖြူရှင် စစ်ကြောင်း တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီးအေးမင်း(လေ)၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်ဇော်(လေ)ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးကြည်အောင်ခေါင်းဆောင်သည့် အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးမြင့်သိန်းခေါင်းဆောင်သည့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးစိုးမင်းဦး ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး မျိုးအောင် ခေါင်းဆောင်သည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် တပ်ခွဲမှူး ဗိုလ်မှူးဝင်းနိုင်ဦးခေါင်းဆောင်သည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)တို့မှ တပ်မတော်သားများက ဆင်ဖြူရှင် စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ဗန္ဓုလစစ်ကြောင်းချီတက်

ထို့အတူ ဆင်ဖြူရှင်စစ်ကြောင်း နောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မြင့်ကိုကို ဦးဆောင်ပြီး ဗိုလ်မှူးမြင့်နိုင် ခေါင်းဆောင်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံတော်အဖွဲ့၊ တပ်ကြပ်ကြီးအောင်မင်းနိုင် ခေါင်းဆောင်သည့် ရန်ကုန်တိုင်း စစ်ဌာနချုပ် စစ်တီးဝိုင်းအဖွဲ့၊ တပ်ခွဲမှူး ဗိုလ်မှူး နန္ဒအောင် ခေါင်းဆောင်သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဗန္ဓုလ စစ်ကြောင်းဂုဏ်ပြုတပ်ခွဲ၊ ဗန္ဓုလ စစ်ကြောင်းတပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီး မြင့်စိုး၊ တပ်ခွဲမှူး ဗိုလ်မှူးလှမြင့် ခေါင်းဆောင်သည့်ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူးဗိုလ်မှူးအောင်ကျော်ဟိုးခေါင်းဆောင်သည့် ကမ်းရိုးတန်း ဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး ဌေးအောင် ခေါင်းဆောင်သည့် အမှတ်(၂၂)ခြေမြန် တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး သန့်ဇင်ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ တပ်ခွဲမှူး ဗိုလ်မှူးရဲထွဋ် ခေါင်းဆောင်သည့် တြိဂံဒေသ တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၃)နှင့် တပ်ခွဲမှူး ဗိုလ်မှူးကျော်ဇေယျ ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၄)တို့မှ တပ်မတော်သားများက ဗန္ဓုလစစ်ကြောင်း အမည်ဖြင့် ချီတက်ကြသည်။

မြဝတီစစ်ကြောင်းချီတက်

အလားတူဗန္ဓုလစစ်ကြောင်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကံညွန့် ဦးဆောင်ပြီး ဗိုလ်မှူးကျော်ထင်ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံတော်အဖွဲ့၊ တပ်ကြပ်ကြီး အောင်နိုင်စိုး ခေါင်းဆောင်သည့် အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ် စစ်တီးဝိုင်းအဖွဲ့၊ တပ်ခွဲမှူး ဗိုလ်မှူး နီထွေး ခေါင်းဆောင်သည့် အမှတ် (၇၇)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု မြဝတီစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ မြဝတီစစ်ကြောင်း တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီးသန့်စင်ကို၊ တပ်ခွဲမှူး ဗိုလ်မှူး ပိုင်စိုး ခေါင်းဆောင်သည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး အောင်ဆန်းဦး ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးကျော်သန်းခေါင်းဆောင်သည့် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးတင်မောင်သန်း ခေါင်းဆောင်သည့် တြိဂံဒေသ တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးအေးထွန်း ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၄)နှင့်တပ်ခွဲမှူးဗိုလ်မှူးကျော်ကျော်လွင် ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲတို့မှ တပ်မတော်သားများက မြဝတီစစ်ကြောင်း အမည်ဖြင့် ချီတက်ကြသည်။

အောင်ဆန်းစစ်ကြောင်းချီတက်

ထို့အတူ မြဝတီ စစ်ကြောင်း နောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မောင်မောင်သန်း ဦးဆောင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးနိုင်ဝင်း ခေါင်းဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အလံတော်အဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ ကိုယ်စားပြုအလံများပါဝင်သော အလံတော်အဖွဲ့၊ ရဲအရာခံဗိုလ်အောင်ဇော်ဦး ခေါင်းဆောင်သောမြန်မာနိုင်ငံရဲတပ်ဖွဲ့ တီးဝိုင်း၊ တပ်ခွဲမှူး ရဲမှူးအောင်သက်နိုင် ခေါင်းဆောင်သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကိုယ်စားပြု အောင်ဆန်း စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ အောင်ဆန်း စစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးဝင်းငွေ၊ တပ်ခွဲမှူး ရဲမှူး စိုးလင်းအောင် ခေါင်းဆောင်သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူးခင်မောင်ရီ ခေါင်းဆောင်သည့်မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လက် ထောက်ညွှန်ကြားရေးမှူး အောင်ဆွေဝင်း ခေါင်းဆောင်သည့် မြန်မာနိုင်ငံ

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

မီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး စိုင်းညီညီအောင် ခေါင်းဆောင်သည့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး တင်ဌေးဦး ခေါင်းဆောင်သည့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၂)နှင့် တပ်ခွဲမှူး ဗိုလ်မှူး ဖေကြိုင် ခေါင်းဆောင်သည့်အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက အောင်ဆန်းစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

စစ်ချီတေးများသီဆို

ယင်းကဲ့သို့ စစ်ကြောင်းကြီးကိုးကြောင်းတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင် စုစုပေါင်း အင်အား ၇၁၃၉ ဦးတို့သည် မြို့မကွင်းမှစတင်၍ သတ်မှတ်အစီအစဉ်အတိုင်း တပ်ခွဲတစ်ခွဲနှင့် တစ်ခွဲ ပေ ၁၀၀ စီခွဲပြီး စစ်ကြောင်းတစ်ကြောင်း ပေ ၃၀၀ စီခွာကာ ဦးဝိစာရလမ်းအတိုင်း တော်လှန်ရေးပန်းခြံသို့ ဇာတိသွေး ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများ သီဆိုကာ ချီတက်ကြသည်။

ကြိုဆိုနှုတ်ဆက်

တပ်မတော်စစ်ကြောင်းကြီးများ ချီတက်ရာ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ လမ်းတစ်လျှောက်၌ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး မိသားစု၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး မိသားစု၊ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်ကြောင်းကြီးများတွင် ပါဝင်ချီတက်ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ မိသားစုများ၊ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်မိသားစု၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် စခန်းမှူးရုံး မိသားစု၊ ရန်ကုန်မင်္ဂလာဒုံတပ်နယ် မိသားစုများ၊ ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး မိသားစု၊ ရေဝတီရေတပ်စခန်းဌာနချုပ် မိသားစု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သူနာပြုနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ပန်းဖွားအဖွဲ့၊ ဘင်ခရာ အဖွဲ့များအပြင် ပြည်သူလူထုကြီးက ပြည်ထောင်စုအလံနှင့် တော်လှန်ရေးအလံငယ်များဝှေ့ယမ်း၍ လည်းကောင်း၊ အောင်သပြေပန်းများကမ်း၍ လည်းကောင်း၊ အမွှေးနံ့သာများ ပက်ဖျန်း၍လည်းကောင်း၊ ပန်းကုံးများစွပ်၍လည်းကောင်း သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းသို့စစ်ကြောင်းကြီးများအလိုက် ဇာတိသွေး၊ ဇာတိမာန် တက်ကြွဖွယ် စစ်ချီတေးသီချင်းများကို သံပြိုင်ဟစ်ကြွေးသီဆို၍ ချီတက်လာကြသော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင် စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်း စစ်ကြောင်းတို့သည် အစီအစဉ်အတိုင်း မြို့မကွင်းမှ ဦးဝိစာရလမ်းအတိုင်း တော်လှန်ရေး ပန်းခြံအတွင်းသို့အမှတ်(၁)ဂိတ်မှ ဝင်ရောက်နေရာယူကြကာ နံနက် ၇ နာရီတွင် အသင့်နေရာယူပြီးဖြစ်သည်။

ကြိုဆိုခေါ်ဆောင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီး သူရရွှေမန်း လိုက်ပါလျက် တော်လှန်ရေးပန်းခြံအတွင်းသို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိလာရာ နိုင်ငံတော် ဝန်ကြီးချုပ်တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂)စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ (၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့က ခရီးဦးကြိုဆိုကြပြီး စစ်ရေးပြအခမ်းအနားကျင်းပရာ တော်လှန်ရေးပန်းခြံအတွင်းရှိ အသင့်ပြုလုပ်ထားသောစင်မြင့်ရှိရာသို့ ကြိုဆိုခေါ်ဆောင်သွားကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ စင်မြင့်ပေါ်တွင်နေရာယူပြီးသည်နှင့် တစ်ပြိုင်နက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား စစ်ကြောင်းကြီးများမှ တပ်မတော်သားများက အလေးပြုကြပြီး စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တပ်ကိုအပ်သည်။

(၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် စစ်ကြောင်းကြီးများက ချီတက်အလေးပြုကြစဉ်။ (မြန်မာ့အလင်း)

တပ်ကိုစစ်ဆေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်ကိုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

ထို့နောက် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုကြပြီး စစ်ကြောင်းကြီးများမှ (ကြည်း၊ရေ၊လေ) တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက သစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

(၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် မြို့မအားကစားကွင်းမှ တော်လှန်ရေးပန်းခြံသို့ ချီတက်လာကြသော စစ်ကြောင်းကြီးများအား တိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။ (သတင်းစဉ်)

မိန့်ခွန်းမြွက်ကြား

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းမြွက်ကြားသည်။

ချီတက်အလေးပြု

ထို့နောက် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအားစစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုရန် ခွင့်တောင်းခံသည်။

ပြန်လည်ထွက်ခွာ

ဆက်လက်၍တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းဦးဆောင်သော စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြကာတော်လှန်ရေးပန်းခြံ အမှတ်(၁)ဂိတ်မှ မြို့မကွင်းသို့ ဦးဝိစာရလမ်းအတိုင်း ပြန်လည်ချီတက် ထွက်ခွာသွားကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တော်လှန်ရေးပန်းခြံမှ ပြန်လည်ထွက်ခွာသွားပြီး ဧည့်သည်တော်များကလည်း အသီးသီး ပြန်လည်ထွက်ခွာကြကာ (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နံနက် ၈နာရီ မိနစ် ၅၀တွင် ရုပ်သိမ်းလိုက်သည်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပရာ ဦးဝိစာရလမ်းရှိ တော်လှန်ရေးပန်းခြံအတွင်း၌ ချစ်တီးပု၊ ကြက်မောက်၊ ကျားမျက်လုံး၊ မော်လမြိုင်ပု၊ ဇော်မွှား၊ သရက်ထည်၊ ဒေါင်းဖန်ဝါ၊ ဂျပန်နေကြာ၊ ပန်းချဉ်ပေါင်၊ ကျားပါးစပ်နှင့် နဲ့လေးပန်းပင် စုစုပေါင်း ၁၀၂၅၅၀ တို့ ဝေဝေဆာဆာ ဖူးပွင့်လျက်ရှိကြသည်။

လှုပစ္စာမွှမ်းမံ

ထို့ပြင် ဧည့်ကြည့်ကွင်း၏ မြောက်ဘက်၌ ကြယ်ပုံသဏ္ဍာန် ရေပန်းကြီးတစ်ခု၊ ဗိုလ်ချုပ်ကြေးရုပ်တောင်ကုန်း၏ အရှေ့ဘက်ရှိ ပန်းခြံအတွင်း၌ ဘောလုံးပုံသဏ္ဍာန်ရေပန်းတစ်ခုကိုလည်း (၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လှုပစ္စာမွှမ်းမံဖွင့်လှစ်ထားသည်။

ထို့အတူ(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် တော်လှန်ရေးပန်းခြံအတွင်းရှိ ဗိုလ်ချုပ်ကြေးရုပ်တောင်ကုန်း၌ ခေတ်သုံးခေတ် အလံများ၊ တော်လှန်ရေးအလံများ၊ တပ်မတော်အလံများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများ၊ တိုင်းစစ်ဌာနချုပ်အလံ၊ ခြေမြန်တပ်မဌာနချုပ်မှ အလံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အလံ၊ မီးသတ်ဦးစီးဌာနအလံ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအလံ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလံတို့ကိုလည်းကောင်း၊ စစ်ရေးပြကွင်းအနောက်ဘက်၌တပ်မတော်အလံ၊ တပ်မတော်(ကြည်း၊ရေ၊ လေ) အလံများ၊ တိုင်းစစ်ဌာနချုပ် အလံ၊ ခြေမြန်တပ်မဌာနချုပ်မှ အလံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလံ တို့ကိုလည်းကောင်း၊ ဧည့်ကြည့်ကွင်း နောက်ကျောတွင် တော်လှန်ရေးအလံများကို လည်းကောင်း၊ တော်လှန်ရေး ပန်းခြံပတ်လည်တွင် တပ်ရင်း/တပ်ဖွဲ့အလံများကိုလည်းကောင်း၊ မြို့မ အားကစားကွင်းပတ်လည်တွင် တပ်ရင်း/တပ်ဖွဲ့အလံများကိုလည်းကောင်း၊ အမှတ်(၈) အားကစားကွင်း ပတ်လည်တွင် တပ်ရင်း/တပ်ဖွဲ့ အလံများကိုလည်းကောင်း၊ ဦးဝိစာရလမ်းတစ်လျှောက်(ဝဲ/ယာ)တွင် တော်လှန်ရေးအလံများနှင့်တပ်ရင်း/ တပ်ဖွဲ့ အလံများကိုလည်းကောင်း၊ဦးဝိစာရအဝိုင်းတွင် ပြည်ထောင်စုအလံ၊ တပ်မတော်အလံနှင့် တော်လှန်ရေးအလံများကိုလည်းကောင်း၊ အာဇာနည်လမ်း တစ်လျှောက်(ဝဲ/ယာ)တွင် တိုင်းစစ်ဌာနချုပ်နှင့် ခြေမြန်တပ်မ ဌာနချုပ်အလံများနှင့် တပ်ရင်း/တပ်ဖွဲ့အလံများကိုလည်းကောင်း အားလုံးစုစုပေါင်းအလံတိုင် ၇၀၀ကျော်ဖြင့် အသီးသီးစိုက်ထူထားရာ လေအပင့်တွင် တလူလူလွင့်လျက်ရှိကြသည်။

စာတန်းများစိုက်ထူ

ထို့အတူ (၅၉)နှစ်မြောက် တပ်မတော်နေ့ ၂၀၀၄ခုနှစ် မတ်လ ၂၇ ရက်စာတန်းပါ မြေစိုက်လေးထောင့်ဆိုင်းဘုတ်များကို ဒဂုံပန်းခြံထောင့်၊ အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင် ၅၀၀)နှင့်စကားဝါလမ်းထောင့်(ဦးဝိစာရလမ်းဘက်)၊ ပြည်လမ်းနှင့် ရှင်စောပုလမ်းထောင့်၊ ပြည်လမ်းနှင့် ဗားကရာလမ်းထောင့်၊ ရတနာပုံရုပ်ရှင်ရုံဘက်၊ ဟံသာဝတီအဝိုင်း ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးရုံးဘက်၊ ဦးဝိစာရလမ်းနှင့် ဓမ္မစေတီလမ်းဆုံ ဝိဇယပလာဇာနှင့် မျက်နှာချင်းဆိုင်ဘက်၊ အာဇာနည်ကုန်းအဆင်း ဗဟန်းအားကစားကွင်းထောင့်၊ဗဟန်းအဝိုင်း အမှတ်(၁)မော်တော်ယာဉ်တပ်ရင်း နယ်မြေဘက်တို့တွင်လည်းကောင်း စိုက်ထူထားပြီး

စာမျက်နှာ ၁၁ ကော်လံ ၃

(၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို တက်ရောက်လာသော ပြည်တွင်းပြည်ပ သတင်းစာဆရာများအား တွေ့ရစဉ်။ (မြန်မာ့အလင်း)

✡ ရှေ့ဖုံးမှ

ရဲဘော်တို့–

ဒို့နိုင်ငံမှာ ခေတ်မီတဲ့တပ်မတော်တစ်ရပ်မရှိခဲ့လို့ လွတ်လပ်ရေးဆုံးရှုံးခဲ့ရတာဖြစ်တယ်။ လွတ်လပ်ရေးပြန်လည်ရရှိဖို့ ကြိုးပမ်းရာမှာ လက်နက်ကိုင် တော်လှန်ရေးကြီးကို ဆင်နွှဲနိုင်မှသာ အရေးတော်ပုံအောင်မြင်နိုင်ကြောင်းသိရှိလာကြပြီး တပ်မတော်ဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြရတာဖြစ်တယ်။

တပ်မတော်သမိုင်းကို ပြန်ကြည့်ရင် တပ်မတော် အင်အားကြီးထွားလာတိုင်း ဖက်ဆစ်နဲ့ နယ်ချဲ့တွေက နည်းမျိုးစုံနဲ့ ဖြိုခွဲခဲ့တာကိုတွေ့ရလိမ့်မယ်။ ဒါဟာ တပ်မတော်အင်အားရှိသွားရင် ဒို့နိုင်ငံအပေါ် စိတ်ရှိတိုင်း ခြယ်လှယ်ခြင်းမပြုနိုင်ကြမှာကို စိုးရိမ်လို့ဖြစ်ကြောင်း ထင်ရှားတယ်။

သူတစ်ပါးလက်အောက်ခံဘဝမှာ လက်နက်ကိုင်တပ်မတော်သည်ပင်လျှင် စိတ်ရှည်စွာ သည်းခံခဲ့ရတယ်။ မိဘပြည်သူတွေဟာလဲ သူတစ်ပါးရဲ့ အနိုင်ကျင့် ကျူးလွန်မှုမှန်သမျှကို

နိုင်ငံတော်တွင် ခေတ်မီကာကွယ်ရေးစွမ်းအားရှိမှသာ အချုပ်
ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းအချုပ်အခြာအာဏာကိုချစ်မြတ်
အတတ်ပညာရှင်များ တပ်မတော်ကိုအင်အားရှိအော

ခေါင်းငုံ့ခံနေကြရတာကြောင့် ပြည်သူ့သားကောင်းတွေဖြစ်တဲ့ ဒို့တပ်မတော်သားတွေက သည်းမခံနိုင်လောက်အောင် ဖြစ်ခဲ့ကြရတယ်။ ဒါကြောင့်လဲ တပ်မတော်နဲ့ပြည်သူလက်တွဲပြီး ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူ့စစ်မဟာဗျူဟာနဲ့ ပြောင်မြောက်စွာဆင်နွှဲခဲ့ကြတာပဲ ဖြစ်တယ်။ ပြည်သူနဲ့တပ်မတော်တို့ရဲ့ အောင်ပွဲကြီးများကြောင့်လဲ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့တာဖြစ်တယ်။

အသက် သွေး ချွေးပေါင်း မြောက်မြားစွာ ရင်းနှီးပြီး ပြန်လည်ရယူခဲ့ရတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာ အာဏာကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ခေတ်မီတပ်မတော်တစ်ရပ်ရှိဖို့နဲ့ တပ်မတော်နဲ့ပြည်သူဟာ တစ်သားတည်းရှိဖို့ လိုတယ်ဆိုတာ သမိုင်းသင်ခန်းစာပဲဖြစ်တယ်။

ရဲဘော်တို့–

နိုင်ငံတော်ကို အကြွင်းမဲ့ ကာကွယ်နိုင်ဖို့အတွက် လုံလောက်တဲ့ ကာကွယ်ရေးစွမ်းအားကို တည်ဆောက်ထားရမယ်။ ကာကွယ်ရေးစွမ်းအားကို ထောက်ကူတဲ့ အချက်တွေထဲမှာ စီးပွားရေးစွမ်းအား၊ ရေမြေပိုင်နက် သဘာဝတို့အပြင် လူဦးရေဟာလဲ အကျုံးဝင်တယ်။ ဒါ့ကြောင့် နိုင်ငံသားတိုင်းဟာ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြဖို့ လိုအပ်တယ်။ နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်ရေးဟာ နိုင်ငံသားတိုင်းရဲ့ မွေးရာပါတာဝန်တစ်ရပ် ဖြစ်တယ်။

နိုင်ငံတော်မှာ ခေတ်မီတဲ့ ကာကွယ်ရေးစွမ်းအားရှိမှသာ အချုပ်အခြာအာဏာကို အပြည့်အဝ ကာကွယ် စောင့်ရှောက်နိုင်မှာ ဖြစ်တယ်။ ဒါ့ကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းမှာ အချုပ်အခြာအာဏာကို ချစ်မြတ်နိုးပြီး မျိုးချစ်စိတ်ဓာတ်ရှိတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ၊ အတတ်ပညာရှင်တွေဟာ တာဝန်သိစွာနဲ့ တပ်မတော်ကို အင်အားရှိအောင်၊ ခေတ်မီအောင် ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြတာကို တွေ့ရမှာဖြစ်တယ်။

ရဲဘော်တို့–

ဒို့တပ်မတော်မှာ အဓိကတာဝန်ကြီး သုံးရပ်ရှိတယ်။ ပထမတာဝန်က နိုင်ငံတော်ကို ကာကွယ်ဖို့ဖြစ်တယ်။ နိုင်ငံတော်ကို ကာကွယ်နိုင်ဖို့အတွက် အမြဲတမ်း လေ့ကျင့်ကြရမယ်။ ကာကွယ်ရေးတာဝန်ရဲ့ သဘောသဘာဝအရ အမြဲတမ်းလေ့ကျင့်နိုင်မှ စွမ်းရည်ထက်မြက်မှာ ဖြစ်တယ်။ ဒါကြောင့် လေ့ကျင့်ရေးဟာ ဒို့ရဲ့ ဒုတိယတာဝန် ဖြစ်တယ်။ဒို့တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်နဲ့လေ့ကျင့်ရေးတာဝန်တွေအပြင် ပြည်သူ့ အကျိုးပြု လုပ်ငန်းတာဝန်တွေကိုလဲ တတိယတာဝန်အဖြစ် အားကြိုးမာန်တက် ထမ်းဆောင်ကြရမယ်။

ဒို့တပ်မတော်သားတွေဟာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ ရင်နှစ်သည်းချာတွေ ဖြစ်တယ်။ ဒါကြောင့် ရောက်လေရာဒေသတိုင်းမှာ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ကြဖို့နဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် ကျရောက်မယ့် အန္တရာယ်မှန်သမျှကို ပြည်သူနဲ့လက်တွဲပြီး သက်စွန့်ကြိုးပမ်း တွန်းလှန်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ယူလိုက်ရခြင်းဟာ ပြည်သူအပေါ်မှာ ကျရောက်နေတဲ့ ဆိုးရွားလွန်းသော အခြေအနေအရပ်ရပ်ကြောင့်ပဲ ဖြစ်တယ်။ နိုင်ငံတော်ရဲ့ တာဝန်ကို ယူလိုက်ရတဲ့အတွက် တပ်မတော်ဟာ နိုင်ငံတော်ရဲ့ အနာဂတ်အတွက်ပါ



တာဝန်ရှိသွားတယ်။ ဒါကြောင့်လဲ အမျိုးသားနိုင်ငံရေးဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက် (၁၂)ရပ် ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော်သစ် တည်ဆောက်ဖို့ မနားမနေ ကြိုးပမ်းခဲ့တယ်။

တပ်မတော်ဟာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစွာပထမ အားထုတ် လုပ်ကိုင်ခဲ့တဲ့အတွက် နယ်စပ်ဒေသများပါမကျန် အေးချမ်းသာယာလာခဲ့တယ်။ နိုင်ငံတော်ဟာ အေးချမ်းတည်ငြိမ်လာတာနဲ့အမျှ တစ်နိုင်ငံလုံး အကြားအလပ်မရှိ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်ဆောင်ရွက်ခဲ့တယ်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေး စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစတဲ့ စီမံကိန်းကြီးသုံးခုကို ကွန်ရက်ပမာ ချိတ်ဆက် ဖော်ဆောင်လျက်ရှိတယ်။

ရဲဘော်တို့–

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စိုက်ပျိုးရေးနဲ့ အခြားစီးပွားရေး အခြေခံအဆောက် မာန်တက်ဆောင်ရွက်လျက်ရှိတယ်။ ဒါ့အပြင် နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းကြီးများ၊ ပုဂ္ဂလိကပိုင် စက်မှုဇုန်များ တည်ထောင်ဖွင့်လှစ်ပေးပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိတယ်။

ယခုလို နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေခြင်းဟာ နိုင်ငံတော်မှာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ဖော်ဆောင် ရေးအတွက် လိုအပ်တဲ့အခြေခံတွေကို ဖြည့်ဆည်းပေးနေခြင်းဖြစ်ကြောင်း ပြောကြားလို တယ်။

ရဲဘော်တို့–

နိဂုံးချုပ်အနေနဲ့ပြောကြားရရင် (၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက် များနှင့်အညီ–

မိန့်ခွန်းမြွက်ကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားစဉ်။

(မြန်မာ့အလင်း)

ချုပ်အခြားအာဏာကို အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်မှာဖြစ်
မြတ်နိုးပြီး မျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံ့ခေါင်းဆောင်များ၊
အောင်၊ ခေတ်မီအောင် ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိ

အအုံတွေကို လိုအပ်တဲ့နေရာတိုင်းမှာ အစုလိုက် အဖွဲ့လိုက် တည်ဆောက်ပေးလျက် ရှိတယ်။ တစ်နိုင်ငံလုံး အလျားလိုက်၊ ဒေါင်လိုက် ဆက်သွယ်သွားလာနိုင်ဖို့ လမ်းနဲ့ တံတားကြီးတွေကို ဆောက်လုပ်ပေးခဲ့တဲ့အတွက်လဲ ဒေသတစ်ခုနဲ့တစ်ခု အပြန်အလှန် အထောက်အကူပြုပြီး တိုးတက်လာကြပြီဖြစ်တယ်။ ဒါ့အပြင် ဒေသအားလုံးမှာ အရည်အချင်း မြင့်မားတဲ့ လူသားအရင်းအမြစ်တွေ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးစေဖို့အတွက် ကျန်းမာရေးနဲ့ ပညာရေးဆိုင်ရာ လိုအပ်ချက်တွေကို ထိထိရောက်ရောက် ဆောင်ရွက်ပေး လျက်ရှိတယ်။

ဒါကြောင့် နိုင်ငံတော်အတွင်း နေရာတိုင်း၊ ဒေသတိုင်းမှာ အရှိန်အဟုန်နဲ့ ဖြစ်ထွန်းလာတဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုတွေကို တွေ့မြင်နေကြရပြီဖြစ်တယ်။ ဒါ့အပြင် နိုင်ငံတော်ဟာ အနာဂတ်ကာလမှာ ကမ္ဘာနဲ့ရင်ပေါင်တန်းပြီး ခေတ်မီဖို့အတွက် စက်မှုနိုင်ငံဖြစ်အောင် ဆက်လက်ဆောင်ရွက်ကြရမှာဖြစ်တယ်။

စက်မှုနိုင်ငံ ထူထောင်နိုင်ဖို့ လိုအပ်တဲ့လျှပ်စစ်စွမ်းအား တိုးတက်ထုတ်လုပ်ရေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ အခြားသယံဇာတများတူးဖော်ရေး လုပ်ငန်းတို့ကိုလဲ အားကြိုး

- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါ။**
- **နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေးအတွက် ဆောင်ရွက်ကြပါ။**
- **နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်တို့ကို ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ကြပါ။**
- **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီတပ်မတော်တည်ဆောက်ရေးမှာ အားကြိုးမာန်တက် ဆောင်ရွက်ကြပါ**

လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားရာ စစ်ကြောင်းကြီးများ မိန့်ခွန်းနာခံစဉ်။

(မြန်မာ့အလင်း)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်ဦးဆောင်သောမိသားစုနှင့်ပြည်သူများ (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ကြောင်းများအား လမ်းတစ်လျှောက်မှ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

ရန်ကုန် မတ် ၂၇

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့တက်ရောက်ရန် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ ဦးဝိစာရလမ်းအတိုင်း ချီတက်လာကြရာ ထောင်ပေါင်းများစွာသောပြည်သူများက လမ်းတစ်လျှောက်၌ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို နှုတ်ဆက်ကြသည်။

ပန်းကုံးစွပ်၍ ဂုဏ်ပြုကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား ပန်းကုံးစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။

(သတင်းစဉ်)

ဂုဏ်ပြုကြိုဆို

ထိုသို့ ကြိုဆိုနှုတ်ဆက်ကြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းက (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား ပန်းကုံးစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်က (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား ပန်းကုံးစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၏ဇနီး ဒေါ်ခင်နှင်းဝေ၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၏ဇနီး ဒေါ်မာလာတင့်၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၏ဇနီး ဒေါ်ခင်လေးမြင့်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်းနှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ဇနီး ဒေါ်စန်းစန်းရီ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား ပန်းကုံးစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။

(သတင်းစဉ်)

ဦးစီးချုပ်(လေ)နှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့၏ဇနီးများကလည်း ပြည်သူများနှင့်အတူ စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များအား အောင်သပြေပန်းများကမ်းလှမ်း၍ ပန်းကုံးများစွပ်ကာ ဂုဏ်ပြုကြိုဆိုကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား ပန်းကုံးစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။

(သတင်းစဉ်)

သောင်းသောင်းဖြဖြကြိုဆို

ထို့အပြင် ထောင်ပေါင်းများစွာသော ပြည်သူများ၊ ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ တပ်မတော်သားများနှင့် မိသားစုများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုဆရာ ဆရာမများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလုပ်ဆောင်နေကြသော ကုမ္ပဏီလီမိတက်များမှ ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက စစ်ကြောင်းအလိုက် ချီတက်လာကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များအား အောင်သပြေပန်းများ ကမ်းလှမ်း၍လည်းကောင်း၊ ပန်းကုံးများစွပ်၍ လည်းကောင်း ဦးဝိစာရလမ်းဘေးဝဲယာတစ်လျှောက်မှ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု

လမြတ်နွေ

★ သမိုင်းနောက်ခံ၊ ပြန်ကြည့်လေက
ကိုလိုနီရန်၊ နယ်ချဲ့ရန်ကို
ပြန်ကာမြင်မိ၊ တို့မချိသည်
တို့ပြည်အတွက်၊ အကျိုးပျက်အောင်
ချိုးဖျက်လေခဲ့၊ ဖိနှိပ်ခဲ့။

★ မြန်မာလူမျိုး၊ ဆိုးကျိုးမခံ
ကိုယ်ပိုင်ဟန်နှင့်၊ နိုင်ငံဆောက်တည်
ကာကွယ်မည်ဟု၊ တည်ကြည်ဝိဋ္ဌာန်
မြဲမြံစိတ်ထဲ၊ မှတ်ယူစွဲလျက်
လက်တွဲတွန်းလှန်၊ ပြည်ပရန်ကို
အားမာန်တက်ကြွ၊ ချေမှုန်းကြ၏။

★ နိုင်ငံအရေး၊ လွတ်လပ်ရေးကို
မျှော်တွေးရယူ၊ ပြည်သူကူညီ
တူညီစိတ်ထား၊ သားကောင်းဇာနည်
အောင်စစ်သည်တို့၊ ညီညာတွန်းလှန်
ဇာတိမာန်နှင့်၊ အောင်ပွဲခံသည့်
နိုင်ငံထွန်းပေါ်၊ တပ်မတော်နေ့
မမေ့စေကြောင်း၊ ရွှက်ဟောင်းညှာကြွေ
'လမြတ်နွေ'။ ။

စောအောင်(တီကျစ်)

စာအုပ်ဈေးပွဲတော်ငွေကျပ် ၁၀သိန်းကျော်ဖိုးရောင်းချရ

ရန်ကုန် မတ် ၂၇

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြား ရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ကြီးမှူး၍ စာအုပ်ဈေးပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း(အထက်) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ယခင်ရုံးချုပ်) အဆောက်အအုံ၌ ဆက်လက် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

စာအုပ်ဈေးပွဲတော်သို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်ရှင်လူပြည်သူများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၆၀၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာဝယ်ယူအားပေးကြရာ ယနေ့တွင် ငွေကျပ် ၁၀ သိန်းကျော်ဖိုး ရောင်းချရသည်။

စာအုပ်ဈေးပွဲတော်ကို မတ် ၂၈ရက်တွင် နောက်ဆုံးနေ့အဖြစ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အထူးလျှော့ဈေးနှုန်းဖြင့် ဆက်လက် ရောင်းချ သွားမည်ဖြစ်သည်။

(သတင်းစဉ်)

စာမျက်နှာ (၇)မှ

တပ်မတော်၏ ဆောင်ပုဒ်စာတန်းပါ ဆိုင်းဘုတ်ရှည်များကို ဦးဝိစာရလမ်း ဘက်မြို့မကွင်း"တပ်နှင့်ပြည်သူမြဲကြည် ဖြူသွေးခွဲလာသူ ဒို့ရန်သူ"၊ ဦးဝိစာရ လမ်းဘေး ဇီဝကဥယျာဉ်ဘက်တွင် "တပ်နှင့်ပြည်သူလက်တွဲကူဘယ်သူ ရန်မှုဝံ့မည်နည်း"ဦးဝိစာရအဝိုင်းပလာ ဇာဘက်တွင် "တပ်နှင့်ပြည်သူလက်တွဲ ကူပြည်ထောင်စုဖြိုခွဲသူမှန်သမျှချေမှုန်း ကြ"၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ ပြည်လမ်းအင်းလျားလေးကွေ့၊ ပြည် လမ်းမြေနီကုန်း၊ ရတနာပုံရုပ်ရှင်ရုံ ထောင့်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် လမ်းမတော်ထောင့်ဆေးတက္ကသိုလ် ဘက်၊ ရန်ကုန်ဘူတာကြီး အရှေ့ အောင်ဆန်း ကွင်းနှင့်မျက်နှာချင်းဆိုင် တို့တွင် "(၅၉)နှစ်မြောက်တပ်မတော် နေ့ကို လှိုက်လှဲစွာဂုဏ်ပြုကြိုဆိုပါ၏"၊ ဦးဝိစာရအဝိုင်း၊ သိင်္ဂုတ္တရဥယျာဉ် ဘက်တွင် "(၅၉)နှစ်မြောက် တပ် မတော်နေ့ (ကြည်း၊ရေ၊လေ) တပ် မတော်သားများအား ကြိုဆိုပါ၏" စာတန်းများကို စိုက်ထူထားကြသည်။

ထို့အတူ ပြည်သူ့ဥယျာဉ် မြောက်ဘက်အဝင်ဂိတ်ဦးဝိစာရလမ်း ဘက်တွင်"တပ်မတော်သည်အမျိုးသား ရေးကိုဘယ်တော့မှသစ္စာမဖောက်"၊ ဦးဝိစာရလမ်းနှင့် အာဇာနည်လမ်း ထောင့်၊ ဗဟန်းအားကစားကွင်းဘက် တွင် "အသက်၊သွေး၊ချွေး စဉ်မနှေး ပေးဆပ်သည်မှာတပ်မတော်ပါ"၊ ဦးဝိစာရလမ်းနှင့် အာဇာနည်လမ်း ထောင့်၊ သိင်္ဂုတ္တရဥယျာဉ်ဘက်တွင် "တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ၊ တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ၊ ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်" ဆိုင်းဘုတ်များကို စိုက်ထူထားကြ သည်။

စာတန်းများချိတ်ဆွဲ

အလားတူ ချီတက်ရာလမ်းတစ် လျှောက် "ဒို့တာဝန်အရေးသုံးပါး" အဝတ်ပိတ်စ စာတန်းများကို တပ် မတော်မော်ကွန်းတိုက်ဟောင်းရှေ့၊ ဦးဝိစာရလမ်းပေါ်တွင်လည်းကောင်း၊ ဗားကရာလမ်းနှင့် ရှင်စောပုလမ်းဆုံ တို့တွင်လည်းကောင်း၊ ဦးဝိစာရလမ်း စစ်ကြောင်းများ အသွား အပြန်လမ်း တွင် "တပ်မတော်ကြီးကိုအင်အားရှိ အောင် အရာရာမှာကူညီ"ဖြင့် လည်း ကောင်း၊ ဦးဝိစာရလမ်းစစ်ကြောင်းများ အသွားအပြန်လမ်းတွင်"ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်" ဖြင့် လည်းကောင်း၊ "သစ္စာလေးလီ ဦးထိပ် တည် စွမ်းရည်သုံးရပ်ကျေပွန်အပ်" ဖြင့်လည်းကောင်း၊ "တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်" ဖြင့်လည်းကောင်း၊ "တပ်မတော်သာ အမိ၊ တပ်မတော်သာအဖ"ဖြင့် လည်း ကောင်း၊"လူထုအင်အားကို အများကြီး လိုသည်"ဖြင့်လည်းကောင်း၊ "ပြည့် အင်အားသည် ပြည်တွင်းမှာသာ ရှိသည်"ဖြင့် လည်းကောင်း အသီးသီး ချိတ်ဆွဲထားသည်။

ထို့ပြင်တပ်မတော်နေ့သရုပ်ဖော် ပန်းချီ၊ ပိုစတာများကို မဟာဗန္ဓုလ ပန်းခြံအတွင်း မြို့တော်ခန်းမဘက်၊ ဗဟန်းအဝိုင်း သီရိနန္ဒာကန်ဘက်၊ ဟံသာဝတီအဝိုင်း၊ ပြည်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမီးပွိုင့် ရန်ကုန်ဆေးရုံသစ်ကြီးဘက်တွင် စိုက်ထူထားကြသည်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကျင်းပရာ တော်လှန်ရေး ပန်းခြံအတွင်း၌မီးမောင်းကြီးများ၂၅လုံး၊ ရောင်စုံအလှ မီးတွဲ ၄၅၀၀ လုံး၊ ရောင်စုံမီးသီး (၅)ဝပ် ၄၆၀၀ လုံး၊ ရောင်စုံမီးသီး(၄၀)ဝပ် ၅၀၀ လုံး၊ ဘောလုံးမီးလုံး(စနိုးဘော) ၃၀၀ လုံး၊ ကိုးလုံးတွဲမီးဆိုင်း ၁၉ တိုင်၊ ငါးလုံး တွဲမီးဆိုင်း ၂၇တိုင်၊ သုံးလုံးတွဲ မီးဆိုင်း ၁၀ တိုင်၊ ဆိုဒီယမ်မီးတိုင် ၂၉ တိုင်၊ ဦးဝိစာရအလယ်ကျွန်း မီးဆိုင်းကြီး တစ်ဆိုင်းနှင့် ပန်းအိုးမီး နှစ်လုံးတို့ဖြင့် ရှုမငြီးဖွယ် ထွန်းညှိထားသည်။

(သတင်းစဉ်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
(ဥပုသ်နေ့)
၂၈-၃-၂၀၀၆(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၂၀ ၇။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နမ့်မွေတံတား
၈း၃၀ ၈။ International News
၈း၄၅ ၉။ Say it in English
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** အပိုင်း(၂၈)
၁၂း၁၅ ၅။ ယွန်းထည်ထွက်ရာ ကျောက္ကာရွာ
၁၂း၂၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **"ရွှေရောင်လမ်း"** (ပိုင်ဇေရဲထွန်း၊ ခိုင်နှင်းဝေ၊ သူသူဟံသာ၊ မြင့်မြင့်ခိုင်) (ဒါရိုက်တာ-သက်တင်)
၁၄း၀၀ ၇။ ဆွာချောင်းရေလှောင်တမံ
၁၄း၁၅ ၈။ တေးဂီတအစီအစဉ်
၁၄း၂၅ ၉။ ရွှေလီတံတား
၁၄း၄၅ ၁၀။ International News
၁၅း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၁၇း၁၀ ၆။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၇း၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၃၀ ၈။ ညနေခင်းသတင်း
၁၉း၀၀ ၉။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၃၁)
၁၉း၃၀ ၁၁။ ရင်မှာစွဲထင် ဇာတ်လမ်းရုပ်ရှင် (အပိုင်း-၁)
၁၉း၄၅ ၁၂။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၂၀း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)
၁၇။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာ ဘာဝနာ ပွားများခြင်း တရားတော်
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

Myanmar CP Inter Club Tennis ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၇

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကို ဂုဏ်ပြုသောအားဖြင့် Myanmar CP Inter Club Tennisပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီ တွင် ရန်ကုန်မြို့ရှိ သိမ်ဖြူတင်းနစ် ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ နှင့် အမှုဆောင်များ၊ မြန်မာစီပီ လိုက်ဖ် စတော့စ် ကုမ္ပဏီမှ တာဝန် ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အားကစား ဝါသနာရှင်များ၊ ပြိုင်ပွဲဝင် အားကစား သမားများ တက်ရောက် ကြသည်။

အမှာစကားပြော

ဖွင့်ပွဲတွင် မြန်မာနိုင်ငံ တင်းနစ် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မြန်မာစီပီကုမ္ပဏီမှ အကြံပေးအရာရှိ ဦးအောင်ဒင်တို့က အမှာစကားပြော ကြားကြသည်။

ဆက်လက်၍ တင်းနစ်ပြိုင်ပွဲကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်း နိုင်ငံသံအမတ်ကြီး Mr. Suphot Dhirakaosal၊ မြန်မာစီပီလိုက်ဖ် စတော့စ်ကုမ္ပဏီမှဒုတိယလက်ထောက် ဥက္ကဋ္ဌ Mr. Sawat Kiatphaiboon **(အောက်ပုံ)**တို့ကဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြပြီး မြန်မာစီပီလိုက်ဖ် စတော့စ် ကုမ္ပဏီ အကြံပေးအရာရှိ ဒေါက်တာ သန်းဌေးက တာမွေမြို့နယ် အမှတ်(၄) အခြေခံ ပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့ခေါင်းဆောင်အား အလှူ ငွေကျပ်တစ်သိန်းကိုပေးအပ်ပြီးအသင်း လိုက်အမှတ်တရဓာတ်ပုံရိုက်ကူးကြ ကာ ပြိုင်ပွဲကိုဆက်လက်ကျင်းပသည်။

ကျင်းပမည်

ပြိုင်ပွဲသို့ တင်းနစ်အသင်း ၂၀ ဝင်ရောက် ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဧပြီ ၂ ရက်အထိ သိမ်ဖြူတင်းနစ် ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့က (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား ပန်းကုံးစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းက (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား ပန်းကုံးစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း (၅၉)နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြဆု၊ တပ်ခွဲအလိုက်ဆုနှင့် အကောင်းဆုံးစစ်ကြောင်းဆုများချီးမြှင့်

ရန်ကုန် မတ် ၂၇

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြဆုရရှိကြသည့်စစ်ကြောင်းများမှ တပ်ခွဲအလိုက် ဆုချီးမြှင့်ပွဲနှင့် အကောင်းဆုံးစစ်ကြောင်း ဆုများချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မြို့မကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းတို့ တက်ရောက်၍ ဆုများချီးမြှင့်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ၂၀၀၄ခုနှစ်(၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် အကောင်းဆုံး စစ်ကြောင်းဆုရ နဝဒေးစစ်ကြောင်းကို ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ အကောင်းဆုံးစစ်ရေးပြတပ်ခွဲ ရွေးချယ်ဆုချီးမြှင့်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များ ဖြစ်ကြသော ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ် ဉာဏ်ဝင်းနှင့် တပ်မတော် အရာရှိကြီးများ၊ (၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် မင်းသိန်း ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေး စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အလေးပြု

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီး သူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် မင်းသိန်းနှင့် စစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် စစ်တီးဝိုင်းအဖွဲ့ပထမဆုရ အောင်ဇေယျစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုများချီးမြှင့်

ထို့နောက်(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဗဟိုစစ်တီးဝိုင်း ဂုဏ်ပြုဆုရ ဗဟိုစစ်တီးဝိုင်းအဖွဲ့နှင့် လေအိတ်ပလွေဂုဏ်ပြုဆုရ လေအိတ်ပလွေအဖွဲ့အား လည်းကောင်း၊ အောင်ဆန်းစစ်ကြောင်း စံပြတတိယဆုရ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ စံပြဒုတိယဆုရ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် စံပြပထမဆုရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့အား လည်းကောင်း၊ စစ်စည်းကမ်း အထူးဆုများရရှိကြသော အထူးဆု(၅)ရ အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု (၄)ရ ဧရာဝတီတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ အထူးဆု (၃)ရ အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု(၂)ရ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲနှင့် အထူးဆု(၁)ရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အားလည်းကောင်း၊ စစ်စည်းကမ်းတတိယဆုရအမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဒုတိယဆုရ အမှတ် (၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စစ်တီးဝိုင်း တတိယဆုရ နဝဒေးစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ ဒုတိယဆုရ ဆင်ဖြူရှင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့နှင့် ပထမဆုရ အောင်ဇေယျစစ်ကြောင်းစစ်တီးဝိုင်းအဖွဲ့တို့အားလည်းကောင်း၊ အလံကိုင်အဖွဲ့ တတိယဆုရ ဆင်ဖြူရှင်စစ်ကြောင်း အလံကိုင်အဖွဲ့၊ ဒုတိယဆုရ နဝဒေးစစ်ကြောင်း အလံကိုင်အဖွဲ့နှင့် ပထမဆုရ အောင်ဇေယျစစ်ကြောင်း အလံကိုင်အဖွဲ့တို့အားလည်းကောင်း၊ စစ်ရေးပြအထူးဆုများ ရရှိကြသော အထူးဆု(၅)ရ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ(၃)၊ အထူးဆု(၄)ရ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု(၃)ရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု(၂)ရ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် အထူးဆု(၁)ရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အားလည်းကောင်း၊ စစ်ရေးပြတတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဒုတိယဆုရ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြဂုဏ်ပြုတပ်ခွဲနှင့် ပထမဆုရအမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

စစ်ချီသီချင်းဆု

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက စစ်ချီသီချင်းအထူးဆုများရရှိကြသော အထူးဆု(၅)ရ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု (၄)ရ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ အထူးဆု (၃)ရ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု (၂)ရ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ နှင့် အထူးဆု(၁)ရ လျှပ်စစ်နှင့်စက်မှု အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား လည်းကောင်း၊ စစ်ချီသီချင်း တတိယ ဆုရအမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဒုတိယ ဆုရ စစ်လက်နက်ပစ္စည်းညွှန်ကြား ရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ နှင့်ပထမဆုရ ထောက်ပံ့နှင့်ပို့ဆောင် ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အားလည်းကောင်း၊ စံပြ တတိယဆုရ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ၊ ဒုတိယဆုရ သံချပ်ကာတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် ပထမဆုရ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲ တို့အားလည်းကောင်း၊ အကောင်းဆုံး စစ်ကြောင်းဆုရ နဝဒေးစစ်ကြောင်း အားလည်းကောင်း ဆုများချီးမြှင့် သည်။

ယင်းနောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် ကြီး သူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းနှင့် စစ်ကြောင်း များမှ တပ်မတော်သားများ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြု ကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အောင်ဆန်းစစ်ကြောင်း စံပြတတိယ ဆုရ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၈-၃-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ပဋိစ္စသမုပ္ပာဒ်အခြေခံ"**

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၄း၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Structure of Markets (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
- ၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၈။ နိုင်ငံတကာသတင်း
- ၆း၂၀ ၉။ မိုးလေဝသသတင်း
- ၆း၂၅ ၁၀။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၁။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"**(အပိုင်း-၁)
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ လျှပ်တစ်ပြက်
- ၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၇။ English Premier League ဘောလုံးပွဲ Arsenal Vs Manchester United

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ် မတ်လအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

၂၈-၃-၂၀၀၄ ရက်နေ့

၂၀၀၄ ခုနှစ် ဧပြီလအတွက်

၁၁-၄-၂၀၀၄ ရက်နေ့ နှင့် ၂၅-၄-၂၀၀၄ ရက်နေ့

(၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဂုဏ်ပြုအမှာစကားပြောကြား

ရန်ကုန် မတ် ၂၇

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ကျင်းပရာ ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ စာပေနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုများကိုပေးအပ်သည်။

အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီး များ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များနှင့် တပ်မတော်အရာရှိ ကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင် များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ် များ၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာ ပြိုင်ပွဲ အသီးသီးတွင် ဆုရရှိကြသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် (၅၉)နှစ်မြောက် တပ်မတော် နေ့ စာပေအနုပညာပြိုင်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာ စကားပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေ နှင့် အနုပညာပြိုင်ပွဲတွင် ဆုရရှိကြသူ များအား ဆုများကို ပေးအပ်ချီးမြှင့်ရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ စာပေ အနုပညာပြိုင်ပွဲ ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကဗျာရှည် အဆင့်(၁) ပြိုင်ပွဲတွင် ပထမဆုရ မောင်သင်းပျံ့(ကျိုက်ထော်)၊ ဒုတိယ ဆုရ မောင်ဝင်းထွန်း(စလေ) နှင့် တတိယဆုရ စွမ်းဝေ(ဓိကုန်း)တို့အား လည်းကောင်း၊ ကဗျာတိုအဆင့်(၁) ပြိုင်ပွဲတွင် ပထမဆုရ ဘုံတောင်မြေ နေဦးခက်၊ ဒုတိယဆုရ အဖျောက်မြေ မောင်ဆွေမွန်နှင့်တတိယဆုရ စွမ်းဝေ (ဓိကုန်း)တို့အားလည်းကောင်း၊ ကဗျာ ရှည် အဆင့်(၂)ပြိုင်ပွဲတွင် ပထမဆုရ မျိုးခိုင်(မူဆယ်)နှင့် ဒုတိယဆုရ မျိုးစစ် သည်တို့အားလည်းကောင်း၊ ကဗျာတို အဆင့်(၂) ပြိုင်ပွဲတွင် ပထမဆုရ ခွန်သစ်အောင်(ရေး)၊ ဒုတိယဆုရ သူဇာနွယ်(ဖျာပုံ)နှင့် တတိယဆုရ ပုဏ္ဏဝတီတင့်နှောင်းတို့အားလည်း ကောင်းဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ဝတ္ထုတို(လူသစ်တန်း)ပြိုင်ပွဲတွင် ပထမ ဆုရ တိုးတိုး(တောင်တွင်း)၊ ဒုတိယ ဆုရ ရဲမာန်(ဥပဒေ)နှင့် တတိယဆုရ တက္ကသိုလ်နန်းဖြူဖြူထွန်းတို့အား လည်းကောင်း၊ ဝတ္ထုရှည် (လူသစ် တန်း) ပြိုင်ပွဲတွင် ပထမဆုရ သင်းမိုးနီ၊ ဒုတိယဆုရ စမ်းထက်မိုး (ဓိနိ့- အောင်လံ)နှင့် တတိယဆုရ စိုးနောင် (ပေါက္ကံ)တို့အားလည်းကောင်း၊ ဆက် သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန် ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် က ဆောင်းပါး(လူသစ်တန်း) ပြိုင်ပွဲ တွင် ပထမဆုရ မောင်မျိုးအောင် (ပန်းဧရာ)၊ ဒုတိယဆုရ ဒေါ်ခင်အုန်း မြင့်နှင့် တတိယဆုရ သပြေနုတို့အား လည်းကောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ပြည်ထောင်စုတိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)မှ မသက်ဝေလှိုင်၊ ဒုတိယ ဆုရ တောင်ကြီးပညာရေးကောလိပ်မှ မဆုမွန်မွန်နှင်းနှင့် တတိယဆုရ ဆေး ဘက်ပညာသည် တက္ကသိုလ်(ရန်ကုန်) မှ မခိုင်ချစ်စုတို့အားလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အခြေခံ ပညာအထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ပထမဆုရ အထက(၁) ညောင်လေးပင်မှ မအေးချမ်းမြ၊ ဒုတိယဆုရ အထက သုံးဆယ်မှ မဝေသီမြင့်နှင့် တတိယဆုရ အထက (၂)မိတ္ထီလာမှ မောင်ရဲထက်ကိုတို့အား လည်းကောင်း၊ အခြေခံပညာ အလယ် တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ အလက(၁) ပုသိမ်မှ မောင်ကျော်ခိုင်ထက်၊ ဒုတိယဆုရ အလက(၁) တောင်ဥက္ကလာပမှ မရွှေ စင်နှင့် တတိယဆုရ အထက(၄) စစ်တွေမှ မနုထက်ထက်လွင်တို့ အား လည်းကောင်း၊ မွေးမြူရေးနှင့် ရေ လုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အခြေခံပညာ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ အလက(၃)ရွှေပြည်သာမှ မစန္ဒာခိုင်ဝင်း၊ ဒုတိယဆုရ အထက (၂)စစ်ကိုင်းမှ မောင်ပိုကဲနှင့် တတိယ ဆုရ အထက(၁)ပဲခူးမှ နန်းငုဝါဖူး ပွင့်ဦး တို့အားလည်းကောင်း၊ အခြေခံ ပညာ အလယ်တန်းအဆင့် ကဗျာ ပြိုင်ပွဲတွင် ပထမဆုရ အလက(၄) ရေနံချောင်းမှ မမီမီအောင်ဝင်း၊ ဒုတိယဆုရ အထက သုံးဆယ်မှ မဝင့်ဝါဖြိုးနှင့် တတိယဆုရ အထက (၆)ပုသိမ်မှ မမေသူကျော်တို့အား လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ပဲခူး ဒီဂရီကောလိပ်မှ မစောဣန္ဒာသက် မောင်၊ ဒုတိယဆုရ တပ်မတော် နည်း ပညာတက္ကသိုလ်မှ ဗိုလ်လောင်း လှဝင်း အောင်နှင့် တတိယဆုရ စစ်တက္ကသိုလ် မှ ဗိုလ်လောင်းဉာဏ်ပိုင်စိုးတို့အား လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက မူကြိုအဆင့် ပန်းချီ ပြိုင်ပွဲတွင် ပထမဆုရ အမှတ်(၄)မူကြို အလုံမြို့နယ်မှ မစုနန္ဒာအောင်၊ ဒုတိယ ဆုရ အမှတ်(၃)အခြေခံပညာမူကြိုမှ မအေးချမ်းပွင့်ဖြူနှင့် တတိယဆုရ အမှတ်(၃)အခြေခံပညာမူကြိုမှ မောင် သော်သူနိုင်ဝေတို့အားလည်းကောင်း၊ မူလတန်း(အငယ်)အဆင့် ပန်းချီပြိုင်ပွဲ ပထမဆုရမြို့မအလကကျောက်တန်း မှ မောင်ရဲဟိန်းထက်၊ ဒုတိယဆုရ အလက(၄) တောင်ဥက္ကလာပမှ မောင်သိဂ်ါသန်းဝေနှင့် တတိယဆုရ မြို့မအလက ကျောက်တန်းမှ မမေ ထူးမြတ်မွန်တို့အားလည်းကောင်း၊ မူလတန်း(အကြီး)အဆင့် ပန်းချီပြိုင်ပွဲ တွင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး ကျောင်း ကမာရွတ်မြို့နယ်မှ မဆုပြည့် ပြည့်စံ၊ ဒုတိယဆုရ အထက (၁) ဒဂုံမြို့နယ်မှ မောင်ဇင်ဝေအောင်နှင့် တတိယဆုရ အလက(၂) ပဲခူးမှ မောင်အောင်ပိုင်စိုးတို့အားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရ ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ မခိုင်မြတ်မျိုးထွန်းလင်း၊ ဒုတိယဆုရ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး ကျောင်းမှ မောင်ထင်ကျော်ကောင်း ထက်နှင့် တတိယဆုရ အထက(၆) ဗိုလ်တထောင်မှ မောင်နေမျိုးဦးတို့အား လည်းကောင်း၊ အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရ အထက (၄)အလုံမှ မောင်ဇင်ကိုကို၊ ဒုတိယဆုရ အထက(၅)ဗိုလ်တထောင် မှ မရှယ်လီ ဝင်းနှင့် တတိယဆုရ အထက(၁)ဒဂုံမှ မဆုဝင်းထိုက်တို့က လည်းကောင်း၊ အလွတ်တန်း ပန်းချီပြိုင်ပွဲတွင် ပထမ ဆုရ ဦးကျော်မြင့်နိုင်၊ ဒုတိယဆုရ မကေသီနွယ် (မေသုဝံ)နှင့် တတိယ ဆုရ မောင်စည်သူအောင် တို့အား လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုး မင်းက ပန်းပု (သစ်သား)ပြိုင်ပွဲတွင် ပထမဆုရ လှည်းကူးမြို့နယ် ဒါးပိန် ကျေးရွာမှ ကိုသောင်းထိုက်၊ ဒုတိယ ဆုရ လှည်းကူးမြို့နယ် ဒါးပိန်ကျေး ရွာမှ ကိုမျိုးမင်းအောင်နှင့် တတိယဆုရ လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာမှ ကိုဇော်လတ်တို့အား လည်းကောင်း၊ အလွတ်တန်းအဆင့် ပန်းပု (ပလာ စတာ)ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန် ယဉ်ကျေးမှုတက္ကသိုလ်မှ မမွန်မွန်မြတ်၊ ဒုတိယဆုရ ရန်ကုန် သမိုင်း(၁) ရပ်ကွက်မှ မောင်ရဲဝံ့စိုးနှင့် တတိယ ဆုရ ဆားလင်းကြီးမြို့နယ်မှ မောင် ကျော်ကြည်စိုးတို့အား လည်းကောင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးကြီး ဉာဏ်ထွန်းက "ယဉ်ကျေးမှုအမွေ စောင့်ထိန်းလေ"ရောင်စုံဓာတ်ပုံပြိုင်ပွဲ တွင် ဆုရပြီးသူများအတန်း၌ ပထမ ဆုရ ညောင်ဦးဖိုးချို၊ လူသစ်တန်း ပြိုင်ပွဲတွင် ပထမဆုရ ဦးလှမောင်၊ ဒုတိယဆုရ ဦးသန်းအောင်(ပြန်/ ဆက်)နှင့် တတိယဆုရ ကိုအောင် သန်း(ဧရာ)တို့အား လည်းကောင်း၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ် စိုးမောင်က "ဖွံ့ဖြိုးသာယာ ပြည်မြန်မာ"ရောင်စုံ ဓာတ်ပုံ ဆုရပြီးသူများ အတန်းတွင် ပထမဆုရ စောသိန်းဝင်း (မြို့တော် သတင်း)၊ ဒုတိယဆုရ ညောင်ဦးဖိုးချို နှင့်တတိယဆုရ ရွှေအင်းသားခင်မောင် ဝင်းတို့ အားလည်းကောင်း၊ "ဖွံ့ဖြိုး သာယာ ပြည်မြန်မာ" ဆုမရသေး သူများ အတန်းပြိုင်ပွဲတွင် ပထမဆုရ AK မိုး (သတ္တဗေဒ)၊ ဒုတိယဆုရ စိန်ဝင်းထွေးနှင့် တတိယဆုရ အဏ် ထော်ဏီ(မော်လမြိုင်)တို့အားလည်း ကောင်း၊ ဒုတိယတပ်မတော်လေ့ကျင့် ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည် က စစ်ချီတေးပြိုင်ပွဲတွင် ပထမဆုရ စောရန်ကျော် (ဦးဘစော)၊ ဒုတိယဆုရ လင်းကျော် (ဦးလင်းကျော်ထွန်း)နှင့် တတိယဆုရ နေမွန်ရွှေဝင်း(ဦးရွှေဝင်း) တို့အားလည်းကောင်း၊ စစ်ရေးတေး အဆင့်(၁) ပြိုင်ပွဲတွင် ပထမဆုရ တက္ကသိုလ်မောင်ဌေးအောင်၊ ဒုတိယ ဆုရ မောင်သက်အေး(ဂီတကဗျာ)နှင့် တတိယဆုရ လက်ပံတန်းအေးသန်း တို့အား လည်းကောင်း၊ စစ်ရေးတေး အဆင့် (၂) ပြိုင်ပွဲတွင် ပထမဆုရ ဆုရွှက်ဝေ၊ ဒုတိယဆုရ ဖြိုးသဋ္ဌာခင် နှင့် တတိယဆုရ မြတ်သူဟန်တို့အား လည်း ကောင်း၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ် ဉာဏ်ဝင်းက ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး ကျင်းပသည့် ကျပန်းစကားပြောပြိုင်ပွဲ တွင် ပထမဆုရ မောင်စည်သူထွန်း (တတိယနှစ် ကွန်ပျူတာ)၊ ဒုတိယ ဆုရ ရန်ကုန်တိုင်းမှ ကျော်မောင်မောင် စိန်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မောင်ကောင်းမြတ်စိုးတို့အားလည်း ကောင်း၊ အခြေခံပညာအထက်တန်း အဆင့်ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ မောင်ဆန်းလင်းကိုကို၊ ဒုတိယဆုရ ရတနာမျိုးဝင်းနှင့် တတိယဆုရ မောင်တင်ဘုန်းဝေတို့ အားလည်းကောင်း၊ တွဲဖက်စစ်ရေး ချုပ် ဗိုလ်မှူးချုပ်လှရွှေက ရုပ်မြင် သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံ အဆင့်တွင် ပထမဆုရ တတိယနှစ် M.B.,B.S မှ မောင်သီဟထွန်း၊ ဒုတိယဆုရ တတိယနှစ်စီးပွား(သိပ္ပံ) မှ မောင်လွင်နိုင်ထွန်းနှင့် တတိယဆုရ မောင်ကျော်မိုးတို့အား လည်း ကောင်း၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ အခြေခံပညာ အဆင့်တွင် ပထဆုရ မောင်ဇေယျာဖြိုး၊ ဒုတိယ ဆုရ မောင်နေမျိုးဇော်နှင့် တတိယဆုရ မောင်ဒီရဲလင်းတို့အား လည်းကောင်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ် ထင်အောင်ကျော်က အခြေခံပညာ အထက်တန်းအဆင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲတွင် ပထမဆုရ အထက (၈) မော်လမြိုင်မှ မရွှေရည်ဝင်း၊ ဒုတိယဆုရ အထက(၁) လမ်းမတော် မှ မသရဖူအောင်နှင့် တတိယဆုရ အထက(၂) ပုသိမ်မှ မောင်ကောင်း ပြည့်ဝင်းတို့အား လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲတွင် ပထမ ဆုရ အထက (၃) ပဲခူးမှ မောင်ဇော်တိ ကမောင်မောင်မြင့်၊ ဒုတိယဆုရ အထက(၃) ဒဂုံမှ မောင်ကောင်း စည်သူနှင့် တတိယဆုရ အထက(၂) စစ်တွေမှ မောင်ကောင်းမြတ်ထူးတို့ အားလည်းကောင်း၊ အခြေခံပညာ အထက်တန်းအဆင့် ကွန်ပျူတာ အသုံးချစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရ အထက(၈) မော်လမြိုင်မှ မသက် လျာသိမ့်၊ ဒုတိယဆုရ အထက (၁) လမ်းမတော်မှ မောင်ဖြိုးမြင့်ဇင်နှင့် တတိယဆုရ အလက(၁) ပုသိမ်မှ မောင်ဖြိုးဟန်တို့ အားလည်းကောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ခင်အောင် မြင့်က ဦးတည်ချက် (၁၂)ရပ်နှင့် တပ်မတော်ဆိုင်ရာ ကွန်ပျူတာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမ ဆုရ မမော်လီသန်း၊ ဒုတိယဆုရ မောင်ရန်ငြိမ်ပိုင်နှင့် တတိယဆုရ မောင်တေဇာထွန်းမြင့်တို့အား လည်း ကောင်း ဆုများကိုအသီးသီးချီးမြှင့် ကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ဆုရရှိသူများကိုယ်စား ကဗျာတို အဆင့်(၁)ပြိုင်ပွဲ ပထမဆုရ ဘုံတောင်မြေနေဦးခက်က ကျေးဇူး တင်စကားပြောကြားပြီး (၅၉)နှစ် မြောက်တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်း အနားတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲ၌ ဆုရရှိသူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံခြားစစ်သံမှူးများသူရဲကောင်းစစ်သည်ဗိမာန်၌အလေးပြု

ရန်ကုန် မတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ သည် ယနေ့နံနက်ပိုင်းတွင် တော်လှန်ရေးပန်းခြံ၌ ကျင်းပသည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီးနောက် နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ ရောက်ရှိကြရာ သူရဲကောင်းစစ်သည်ဗိမာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ငယ် ဥက္ကဋ္ဌ အမှတ်(၂)စစ်ဒေသမှူးနှင့် ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် တာဝန်ရှိသူများ ကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ နာယက တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Sr. Col. Xu Shulai ဦးဆောင်သော စစ်သံမှူးများသည် သူရဲကောင်းစစ်သည်များအား အလေးပြု ကြပြီး **(အောက်ပုံ)** သူရဲကောင်းစစ်သည်ဗိမာန်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြကာ ပြန်လည်ထွက်ခွာ သွားကြသည်။ **(သတင်းစဉ်)**

"အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့"

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်
ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ
စုံညီအစည်းအဝေး

ရန်ကုန်မြို့ ၂၈၊ ၂၉-၃-၂၀၀၄

မင်းဘုန်းတက်နဂါးကိုးကောင်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်နှင့် လမ်းသစ်ဖွင့်ပွဲ

ရန်ကုန် မတ် ၂၇

ပဲခူးတိုင်း အင်းတကော် စံပြကျေးရွာ အမှတ် (၉)ရပ်ကွက်တွင် တည်ထားကိုးကွယ်သောမင်းဘုန်းတက်နဂါး ကိုးကောင်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်နှင့် လမ်းသစ်ဖွင့်ပွဲကို မတ် ၂၈ရက်မှ ၃၀ ရက်အထိ ဆရာတော် ဘဒ္ဒန္တ ဦးပညာသီဟလင်္ကာရက ကြီးမှူး၍ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသော အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မူလဒွါရ သာသနာ့နိကာယ မဟာနာယက ဆရာတော် ဦးစက္ကာဝုဓ (ရွှေတောင် ဆရာတော်ကြီး)၊ ဥက္ကံ့ ကံကလေး ဆရာတော်ကြီး(ပခုက္ကူအလယ်တိုက်)၊ ဥက္ကံ့ပါဒ ဆရာတော်ကြီး၊ မင်းကွန်း တိပိဋက ဆရာတော်ကြီးဦးကောဥဏ (အဂ္ဂမဟာပဏ္ဍိတ မကွေးဆရာတော်ကြီး)၊ ဥက္ကံ့ မြသက်သာ ဆရာတော်ကြီးတို့က ကြွရောက်၍ အရိယာဖြစ်ကြောင်း တရားကောင်းများကို ဟောကြားဆုံးမ သြဝါဒများပေးမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

SHAPE FOR YOU

Export Fashion Shop

မှ နှစ်သစ်ကူးအထူးအစီအစဉ်

SPECIAL DISCOUNT ပေးပြီ

အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ်

Export အဝတ်အထည်အမျိုးမျိုးကို

DISCOUNT ကာလ (၂၈-၃-၂၀၀၄) မှ (၁၁-၃-၂၀၀၄)အတွင်း အထူးလျှော့စျေးဖြင့်

ရောင်းချပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါး အပ်ပါသည်။

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၇

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Han Golf Masters မျိုးဆက်သစ်လူငယ် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၃၀ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက်(၈-၁၀)နှစ်အတန်း၊ အသက်(၁၁-၁၂)နှစ်အတန်း၊ အသက်(၁၃-၁၄)နှစ်၊ အသက်(၁၅-၁၇) နှစ်အတန်းနှင့် အမျိုးသမီး အသက် (၁၈)နှစ်အောက် ပြိုင်ပွဲဟူ၍ သက်တမ်းငါးတန်းခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ မျိုးဆက်သစ်လူငယ် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လူငယ်ဂေါက်သီးရိုက် အားကစားမောင်မယ်များသည် မတ် ၂၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မြို့တော်စည်ပင်ဂေါက်ကွင်း (PRO-SHOP) ဖုန်း-၆၄၁၃၄၁ နှင့် ဖုန်း-၇၂၃၂၂၁ တို့သို့ အမည်စာရင်း ပေးသွင်းကြပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းနိုင်သည်။

(သတင်းစဉ်)

ဓါး

သတိပြုပါ

လေလံတင်ရောင်းချရန်ကြော်ငြာ

တိုင်းနှင့်ပြည်နယ်အသီးသီးရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော အောက်ဖော်ပြပါ နိုင်ငံတော်ပိုင်တံတား ၇၃ စင်းအား ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သုံးနှစ် လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များအား တံတားတည်ရှိရာ သက်ဆိုင်ရာ တိုင်း၊ စစ်ဌာနချုပ်နယ်မြေများတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်သည်။

နိုင်ငံတော်ပိုင်တံတားများမှာ အောက်ပါအတိုင်းဖြစ်သည်။

စီမံကိန်းဝင်တံတားများ

၁။ ဗလမင်းထင်တံတား(မြစ်ကြီးနားမြို့)
၂။ ရွှေလီတံတား(ရွှေကူမြို့)
၃။ မိုးကောင်းတံတား(မိုးကောင်းမြို့)
၄။ သံလွင်တံတား(ဘားအံမြို့)
၅။ ဂျိုင်း(ကော့ကရိတ်)တံတား(ဘားအံမြို့)
၆။ မဲဇာတံတား(ကသာမြို့)
၇။ ချင်းတွင်းတံတား(မုံရွာမြို့)
၈။ နဝဒေးတံတား(ပြည်မြို့)
၉။ ခပေါင်းတံတား(တောင်ငူမြို့)
၁၀။ စစ်တောင်းတံတား(ရွှေကျင်မြို့)
၁၁။ အနော်ရထာတံတား(ချောက်မြို့)
၁၂။ ရောဝတီ(မကွေး)တံတား(မင်းဘူးမြို့)
၁၃။ ဂျိုင်း(ဇာသပြင်)တံတား(မော်လမြိုင်မြို့)
၁၄။ အတ္တရံတံတား(မော်လမြိုင်မြို့)
၁၅။ ကစ္ဆပနဒီတံတား(ကျောက်တော်မြို့)
၁၆။ ရာမောင်တံတား(မင်းပြားမြို့)
၁၇။ မင်းချောင်းတံတား(စစ်တွေမြို့)
၁၈။ အမ်းကြိုးတံတား(အမ်းမြို့)
၁၉။ အောင်ဇေယျတံတား(လှိုင်သာယာမြို့)
၂၀။ ရွှေပြည်သာတံတား(လှိုင်သာယာမြို့)
၂၁။ တာကော်အက်တံတား(တန့်ယန်းမြို့)
၂၂။ မအူပင်တံတား(မအူပင်မြို့)
၂၃။ ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်းမြို့)
၂၄။ မြောင်းမြတံတား(မြောင်းမြမြို့)
၂၅။ လပွတ္တာတံတား(မြောင်းမြမြို့)
၂၆။ ဥတိုတံတား(ပုသိမ်မြို့)
၂၇။ ဒါးကတံတား(ကျောင်းကုန်းမြို့)
၂၈။ ဒေးဒရဲတံတား(ဖျာပုံမြို့)
၂၉။ ဝါးခယ်မတံတား(ဝါးခယ်မမြို့)
၃၀။ ရွှေလောင်းတံတား(ဝါးခယ်မမြို့)

သာမန်တံတားများ

၁။ ဒုံသမိတံတား(ဘားအံမြို့)
၂။ ဗားရံတံတား(ဖလမ်းမြို့)
၃။ ညောင်ပင်ဝန်းတံတား(စစ်ကိုင်းမြို့)
၄။ သမရိုးတံတား(ဝက်လက်မြို့)
၅။ ကမြောကင်းတံတား(ထားဝယ်မြို့)
၆။ ဝင်းဝတံတား(သရက်ချောင်းမြို့)
၇။ ပုလောတံတား(ပုလောမြို့)
၈။ ပလောက်တံတား(ပုလောမြို့)
၉။ ကောလိယချောင်းတံတား(ပဲခူးမြို့)
၁၀။ ကွင်းချောင်းတံတား(ဖြူးမြို့)
၁၁။ ဖြူးချောင်းတံတား(ဖြူးမြို့)
၁၂။ သူရဲတန်းတံတား(ပန်းတောင်းမြို့)
၁၃။ ကျွန်းကလေးတံတား(လက်ပံတန်းမြို့)
၁၄။ ရဲနွယ်တံတား(ညောင်လေးပင်မြို့)
၁၅။ ပင်းချောင်းတံတား(ရေနံချောင်းမြို့)
၁၆။ ယင်းချောင်းတံတား(မကွေးမြို့)
၁၇။ ကုက္ကိုခွတံတား(တောင်တွင်းကြီးမြို့)
၁၈။ မုန်းချောင်းတံတား(ပွင့်ဖြူမြို့)
၁၉။ မန်းချောင်းတံတား(မင်းဘူးမြို့)
၂၀။ နွယ်တမယ်တံတား(စလင်းမြို့)
၂၁။ ကိုးပင်တံတား(ဆင်ပေါင်ဝဲမြို့)
၂၂။ ဘွက်ကြီးတံတား(အောင်လံမြို့)
၂၃။ ကန်လည်တံတား(မင်းတုန်းမြို့)
၂၄။ ယောချောင်းတံတား(ဆိပ်ဖြူမြို့)
၂၅။ နားငှောင်းကျတံတား(ပုသိမ်ကြီးမြို့)
၂၆။ မြစ်ငယ်တံတား(စဉ့်ကိုင်မြို့)
၂၇။ စမုံပေါက်တံတား(မြစ်သားမြို့)
၂၈။ သူရဲချောင်းတံတား(ပျော်ဘွယ်မြို့)
၂၉။ စမုံတံတား(ဝမ်းတွင်းမြို့)
၃၀။ တံငါတံတား(မတ္တရာမြို့)
၃၁။ ရေးချောင်းတံတား(ရေးမြို့)
၃၂။ ဘီးလင်းတံတား(ဘီးလင်းမြို့)
၃၃။ ရွှေလှေတံတား(သံတွဲမြို့)
၃၄။ ကျိန္တလီတံတား(ဂွမြို့)
၃၅။ ပုဇွန်ဖြေတံတား(သံတွဲမြို့)
၃၆။ ဘုရင့်နောင်တံတား(လှိုင်သာယာမြို့)
၃၇။ တာကော်တံတား(ကွန်ဟိန်းမြို့)
၃၈။ ကွန်ဟိန်းတံတား(ကွန်ဟိန်းမြို့)
၃၉။ မိုးတေတံတား(သီပေါမြို့)
၄၀။ သံလွင်(တာဆန်း)တံတား(မိုင်းတုံမြို့)
၄၁။ ကျောင်းကုန်းတံတား(ကျောင်းကုန်းမြို့)
၄၂။ ခဲပေါင်တံတား(ကျုံပျော်မြို့)
၄၃။ ငဝန်တံတား(ရေကြည်မြို့)

လေလံယှဉ်ပြိုင်လိုသူများသည် တံတားတည်ရှိရာ သက်ဆိုင်ရာ တိုင်း၊ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဆောက်လုပ်ရေးဝန်ကြီးဌာန။



ရှမ်းအိုးစည်နှင့် ရထားဥသြသံ ဘဝင်တိုင် အားပြိုင်ဆင်နွှဲ
မိုင်းစိတ်–ကောင်ဆိုင်း၊ ပြင်သာယာ–ထီရိ ရထားလမ်းသစ်ဖွင့်ပွဲ

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရွှေညောင်–နမ့်စန်ရထားလမ်းရှိ မိုင်းစိတ်–ကောင်ဆိုင်းရထားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် အမှာစကားပြောကြားစဉ်။

(ဓာတ်ပုံ–ဇော်မင်းလတ်–သတင်းစဉ်)

သတင်းဆောင်းပါး – မောင်မောင်ထွေး
ဓာတ်ပုံ – ဇော်မင်းလတ်(သတင်းစဉ်)

ရန်ကုန် မတ် ၂၇

မတ်လ၂၀ရက် နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာ၏ နွေနံနက်ခင်းက အေးမြမြ ရှိလှသည်။ မိုင်းစိတ်ဘူတာ ရှေ့မျက်နှာစာ တည့်တည့်တွင် အုပ်မိုးဆီးကြိုနေလျက်ရှိသော တောင်စဉ်တောင်တန်းကြီးများက မြူနှင်းတို့ကြားတွင် ဝိုးတဝါးဖြင့် လွမ်းမောစရာကောင်းလှသည်။

မိမိတို့သတင်းအဖွဲ့၏ခရီးအစကလည်း ပင်ပန်းနွမ်းနယ်မှုအတိရှိသည်။ ရန်ကုန်မှသာစည်၊ သာစည်မှ ရွှေညောင်သို့ ရထားဖြင့်ခရီးဆက်ရသည်မှာ မထောင်းသာသော်လည်း ရွှေညောင်မှ လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် မိုင်းစိတ် ကျေးရွာသို့ သွားရသည့် မော်တော်ယာဉ်ခရီးမှာမူ တောအထပ်ထပ်၊ တောင်အသွယ်သွယ်ကို ဖြတ်သန်းမောင်းနှင်ခရီးနှင်ခဲ့ရ၍ အတန်ပင် ပင်ပန်းနွမ်းနယ်မှု ဖြစ်ရသည်။

အဆိုပါ ရထားလမ်းပိုင်းသစ်များကို တောအထပ်ထပ်၊ တောင်အသွယ်သွယ်ကြားမှ ဖောက်လုပ်ခဲ့ကြသည့် မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ နယ်မြေခံ တပ်ရင်း တပ်ဖွဲ့များမှ တပ်မတော်သားတို့၏ လုံ့လ၊ ဝီရိယ၊ ဇွဲ၊ စိတ်ဓာတ်တို့၏ ခိုင်ကျည်ရဲရင့်ခြင်းတို့ကိုလည်း အံ့သြချီးကျူး၍ မဆုံးဖြစ်ရသည်။

နိုင်ငံတော်အစိုးရသည် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တိုင်းရင်းသားပြည်သူများ စရိတ်စက သက်သာစွာ သွားလာနိုင်ရေးအတွက် မီးရထားလမ်းများ ဖောက်လုပ်ခဲ့ရာ ရွှေညောင်–ရပ်စောက်လမ်း၊ အောင်ပန်း–လွိုင်ကော်လမ်း၊ ရွှေညောင်–ဆိုက်ခေါင်လမ်း၊ နမ့်စန်–မိုးနဲလမ်း စုစုပေါင်း ၂၃၀ ဒသမ ၉၄မိုင် ဖောက်လုပ်ခဲ့ပြီးဖြစ်သည်။

ထိုစဉ်အခိုက်မှာပင် အရှေ့လောကဓာတ် တောင်စဉ်တောင်တန်းတို့ကြားမှ သူရိယနေမင်းသည် ထွန်းသစ်ဝင်းပစွာ ထွက်ပေါ်လာသည်။ အိုးစည်၊ လင်းကွင်းနှင့် မောင်းသံတို့မှာလည်း စည်းချက်နှင့်အညီ သံပြိုင်ထွက်ပေါ်လာသည်။

ဝန်းကျင်တစ်ခုဆီသို့ ငဲ့စောင်းကြည့်မိသောအခါ အမိပြည်ထောင်စုမြန်မာ နိုင်ငံတော်ကြီးတွင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး ရှေးပဝေသဏီ အတိအတေကာလမှပင် တစုတစည်းတည်း ယှဉ်တွဲနေထိုင်လာခဲ့ကြသော ညီအစ်ကို တိုင်းရင်းသား၊ တိုင်းရင်းသူတို့ ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားကျင်းပရန် မင်္ဂလာအချိန်ကျရောက်ရန် နီးကပ်လာပြီဖြစ်၍ ရှမ်းအိုးစည်သံ တညံညံနှင့်အတူ တွဲဖက်၍ ငြိမ့်ငြိမ့်ညောင်းညောင်း ရှမ်းကဟန်များ၊ ဒေသခံတိုင်းရင်းသားတို့၏ ကဟန်များကား မျက်စိပသာဒရှိလှပေသည်။

"အိုးစည်သံ၊ ဗေထုံညံ၊ ရှမ်းမလေးတို့ကလေဟန်" ဆိုသည့်တေးသွားအလိုက်ကိုလည်း အလိုလိုကြားယောင်လာမိသည်။

မင်္ဂလာအချိန်ကျရောက်သည်နှင့် ရထားလမ်းပိုင်းသစ်များကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် အထူးရထားကြီး၏ "တူတူ၊ ဘော်ဘော်" ဥသြသံနှင့် ရှမ်းအိုးစည်သံ တညံညံတို့မှ မိုင်းစိတ်ဘူတာ ကောင်းကင်ယံတွင် တစ်ထပ်တည်း ပဲ့တင်ထပ်မျှ မြည်ဟည်းသွားသည်။

ထို့အတူ ဒေသခံပြည်သူလူထုတို့၏ ရင်တွင်းခံစားချက်များကလည်း ထပ်တူထပ်မျှမြည်ဟည်းလျက်ရှိသည်။ အသက်၇၀အရွယ်ရှိ ဒေသခံလားဟူတိုင်းရင်းသားကြီး အဘဦးယော်ပက "အရင်ကသွားလာရေးကအများကြီးခက်ခဲတဲ့ အဘတို့ဒေသမှာ အခုရထားကြီးပြေးဆွဲနိုင်မှာဖြစ်လို့ အများကြီးဝမ်းသာရပါတယ်။ အရင်က နမ့်စန်တို့ဘာတို့ကို အဘလှည်းနဲ့ပဲသွားနေရတဲ့အတွက် အများကြီးခက်ခဲလှပါတယ်။ အခုအများကြီးဝမ်းသာပါတယ်။ အဘတို့နေတာကတော့ မိုင်းနားလေးမှာပါ။ တစ်ခါတလေ ထော်လာဂျီလေးနဲ့ပဲ သွားရတာဆိုတော့ အခုရထားခက တအားသက်သာတဲ့အတွက် တအားဝမ်းသာနေကြပါတယ်"ဟု ပြောကြားသည်။

အသက်၂၀အရွယ်ရှိ ဒေသခံတိုင်းရင်းသားတစ်ဦးကမူ "အရင်က ဘယ်မျှမသွားဖူးကြောင်း၊ ရထားလဲ မစီးဖူးကြောင်း၊ ယခုမှ ရထားစီးမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။ မိမိနှင့်ထပ်တူ စာဖတ်သူများ ကရုဏာရသ ခံစားကြရပါလိမ့်မည်။

ဒေသခံ ရှမ်းတိုင်းရင်းသား အဘကြီး ဦးစိုင်းဝါလိန်ကလည်း "အရင်ကကားနဲ့သာသွားလို့ရပြီး အခုရထားနဲ့ပါသွားရတော့မှာဖြစ်တဲ့အတွက် ကျေးဇူးတင်မိကြောင်း၊ ကားနဲ့က ပင်ပန်းကြောင်း၊ ခရီးရှည်ကြောင်း၊ ယခုရထားကြီးရှိလာပြီဖြစ်တဲ့အတွက် ဝမ်းမြောက်မိကြောင်း"ဖြင့် ပြောကြားသည်။

ပအိုဝ်းတိုင်းရင်းသားကြီး တစ်ဦးကလည်း "အခု မိမိတို့ ဒေသမှာ ရထားလမ်းသစ်ကြီး ထပ်တိုးလာပြန်လို့ ဝမ်းသာဂုဏ်ယူမိပြီး နိုင်ငံတော်ကိုလဲ ကျေးဇူးတင်မိကြောင်း၊ အရင်က ရှာနီးချုပ်စပ် ကျေးရွာများမှ တိုင်းရင်းသားများအနေဖြင့် သွားလာမှုအတော်ပင် ခက်ခဲကြကြောင်း၊ အခုဆိုရင် အတော် အဆင်ပြေကြတော့မှာဖြစ်ကြောင်း၊ ဒေသထွက်ကုန်များကိုလည်း အလွယ်တကူ တင်ပို့နိုင်ကြတော့မှာဖြစ်ကြောင်း"ဖြင့် ပြောကြားခဲ့သည်။

နမ့်စန်ဒေသခံတိုင်းရင်းသားများကိုယ်စား မိုင်းစိတ်ကျေးရွာမှ ဦးစိုင်းညွန့်က **"မိမိတို့ ဒေသမှာ ယခင်က မော်တော်ကားလမ်းပင် ပီပီပြင်ပြင် မပေါက်ဘဲ နွားလှည်းကိုသာ အသုံးပြုရပြီး လမ်းပန်းဆက်သွယ်ရေး လွန်စွာ ခက်ခဲသည့် ဒေသဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ စွမ်းဆောင်ချက်တို့ကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ခက်ခဲကြမ်းတမ်းလှသော မြစ်၊ ချောင်း၊ တောတောင်တွေကို ကျော်ဖြတ်ပြီး အောင်ပန်း–ပင်လောင်း–လွိုင်ကော် ရထားလမ်း၊ ရွှေညောင်–ရပ်စောက် ရထားလမ်း၊ ရွှေညောင်–တောင်ကြီး ရထားလမ်း၊ တောင်ကြီး–နမ့်စန် ရထားလမ်း စီမံကိန်း၏ အစိတ်အပိုင်းများဖြစ်သည့် တောင်ကြီး–ဘန်းယဉ်–ဆိုက်ခေါင် ရထားလမ်းပိုင်း၊ နမ့်စန်–မိုးနဲရထားလမ်းပိုင်းတို့အပြင် ယခု နမ့်စန်–မိုင်းစိတ်–ကောင်ဆိုင်း၊ ပြင်သာယာ–ထီရိရထားလမ်းပိုင်းများကိုပင် အောင်အောင်မြင်မြင် ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်၍ ဒေသတွင်းသာမက ပြည်နယ်တစ်ဝန်းလုံး ကူးသန်းသွားလာရေးမှာ များစွာလွယ်ကူမြန်ဆန်တိုးတက်လာပြီ ဖြစ်ကြောင်း"** ဖြင့် ပြောကြားသည်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှေညောင်–နမ့်စန်ရထားလမ်းရှိ မိုင်းစိတ်–ကောင်ဆိုင်း ရထားလမ်းနှင့် ပြည်သာယာ–ထီရိ ရထားလမ်းပိုင်းသစ် ဖွင့်ပွဲတွင် ဒေသခံတိုင်းရင်းသားတို့၏ ပီတိစကားသံများကို မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းစဉ်။

(ဓာတ်ပုံ–ဇော်မင်းလတ်–သတင်းစဉ်)

အထက်ပါ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ရင်တွင်းခံစားချက်မြည်ဟည်းသံများ၊ ရှမ်းအိုးစည်သံတညံညံနှင့် မြန်မာ့မီးရထားကြီး၏ "တူတူ၊ ဘော်ဘော်" ဥသြသံတို့သည် မိုင်းစိတ်–ကောင်ဆိုင်း၊ ပြင်သာယာ–ထီရိရထားလမ်းပိုင်းသစ် တစ်လျှောက်တွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးယံသို့တိုင် ပဲ့တင်ထပ်မျှ မြည်ဟည်းလျက်ရှိသကဲ့သို့ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ "ဘယ်သူခွဲခွဲ၊ တို့မခွဲ၊ အမြဲစည်းလုံးမည်" ဆိုသည့် ခိုင်ကျည်မြဲမြံသော ချစ်ကြည်ရင်းနှီးမှု ပြည်ထောင်စု စိတ်ဓာတ်မှာလည်း ကမ္ဘာတည်သရွေ့ရှိနေမည်ဟု ဆိုရပါမည်။ ။ **(မြန်မာ့အလင်း)**

" International Certification In Myanmar "

Cisco ၊ CCNA Exams နှင့် MicroSoft Exams များကို ...

... Certificate ...

Registration Form များကို MMG Technologies Showroom ...

F/18 ...

EXPRESS

သင်္ကြန်အထူးအစီအစဉ်

၁၀ရာခိုင်နှုန်း **Discount**
Beach Restaurant

နံနက်စာ၊ နေ့လယ်စာနှင့် ညစာစားပွဲများနှင့် အအေးမျိုးစုံတို့ကို ဖွယ်ဖွယ်ရာရာနှင့် ဆိတ်ငြိမ်သော အအေးခန်း၊ ပျူငှာသောဝန်ဆောင်မှုများနှင့် လူကြီးမင်းတို့စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။

ကြက်ဆီထမင်း အထူးအော်ဒါလက်ခံသည်။

အမှတ် (၁၇၀)၊ ဗားကရာလမ်း၊ စမ်းချောင်း၊ ဖုန်း- ၅၁၀၆၃၅

အထက(၁) ရွှေပြည်သာ
ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ

(၁၉၈၉ မှ ၂၀၀၃)အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများမှ စုပေါင်း၍ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ပူဇော်ပွဲအား ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်နီး ရပ်ဝေးမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ အားလုံး တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၄-၄-၂၀၀၄ (တနင်္ဂနွေနေ့)
အချိန် - ၉းဝဝ နာရီ
နေရာ - အထက(၁)ရွှေပြည်သာ။

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ။

ဝန်ထမ်းအလိုရှိသည်

(1) Promoter

(2) Sales

(3) Driver

No.203, 7th Fl. Excel Treasure Tower, Kabaraye Pagoda Rd, Yangon.

တောင်ကြီးမြို့နယ် အေးသာယာမြို့သစ်တွင် မြေကွက်ရရှိထားသူများသိစေရန် ကြေညာချက်

တောင်ကြီးမြို့နယ် အေးသာယာမြို့သစ်တွင် မြေကွက်ချထားခြင်းခံရသူများအနက် အချို့သည် မြေငှားဂရန်ထုတ်ယူပြီး၊ အချို့မှာ မြေငှားဂရန်ထုတ်ယူမှုမရှိသေးခြင်း၊ အချို့သည် ကျသင့်မြေခွန် ထမ်းဆောင်သော်လည်း အချို့မှာထမ်းဆောင်မှုမရှိခြင်း၊ အချို့သည် နေအိမ်ဆောက်လုပ် နေထိုင်သော်လည်း အချို့မှာ နေအိမ်ဆောက်လုပ်နေထိုင်မှုမရှိသေးခြင်း၊ မြေကွက်များ ပြုပြင်မှုမရှိခြင်းစသည်များရှိနေကြောင်း စိစစ်သိရှိရပါသည်။

အေးသာယာမြို့သစ် စတင်တည်ထောင်စဉ်က စည်ကားသိုက်မြိုက်လာစေရန် ရည်ရွယ်၍ တည်ထောင်ခဲ့ခြင်းဖြစ်သော်လည်း အထက်ပါအချက်များကြောင့် စည်ကားသိုက်မြိုက်မှု နှောင့်နှေးလျက်ရှိနေကြောင်း တွေ့ရှိရပါသည်။

ယင်းမြေကွက်များတွင် နေအိမ်ဆောက်လုပ်ခြင်းမပြုပါက စာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်း ၁၉၉၉ ခုနှစ် ဒီဇင်ဘာလက ကြေညာခဲ့ပြီးဖြစ်ပါသည်။

မြေကွက်ရရှိထားသူများအနေဖြင့် ယခုသတင်းစာပါသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း တောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဆက်သွယ်၍ နေအိမ်ဆောက် လုပ်မည့်အခြေအနေကို အသိပေးရန်ဖြစ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း မဆက်သွယ်ပါက ယင်းမြေကွက်များအား စာရင်းမှပယ်ဖျက်မည်ဖြစ်ကြောင်း ဒုတိယနှင့် နောက်ဆုံးအကြိမ် အသိပေးကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တောင်ကြီးမြို့။

ဦးခင်မောင်လတ် ၁၀/မလမ(နိုင်) ၁၄၆၀၃၆ နှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည် ဦးအင်ဇကပ် ၉/မနမ(နိုင်) ၀၃၉၆၀၈ အမှတ် ၃၅၅၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်ပိုင် ယာဉ်အမှတ် ၄ခ/၆၃၀၈၊ ၄ခ/၆၃၃၇၊ ၄ခ/၆၃၄၂၊ ၄ခ/၆၃၄၃၊ ၄ခ/၆၃၅၁၊ (၅)စီးအား ၁၈-၂-၂၀၀၃ ရက်နေ့က တန်ဖိုး ၆၂၅၀၀၀၀၀ိ/ (ကျပ်ခြောက်ရာနှစ်ဆယ်ငါးသိန်းတိတိ)ဖြင့်၊ ဦးခင်မောင်လတ်၊ အမှတ်(၁၀)ဒိုင်းဝန်ကွင်း၊တရုတ်တန်းလမ်း၊ မော်လမြိုင်မြို့နေသူအား ရောင်းချခဲ့ရာ ကျန်ငွေ ၃၀၀၀၀၀၀၀ိ/ (ကျပ်သုံးရာသိန်းတိတိ)ပေးချေရန် ကျန်ရှိနေပြီး၊ သတ်မှတ်ရက် ၃၀-၉-၂၀၀၃ ရက်နေ့မှာ ကျော်လွန်နေပြီဖြစ်၍ ဤကြေညာသည့်နေမှ ၇ ရက်အတွင်း ကျွန်ုပ်ထံသို့ လည်းကောင်း၊ ကျွန်ုပ်အမှုသည်ထံသို့ လည်းကောင်း လာရောက်ပေးချေရန်နှင့်ယာဉ် (၅)စီး နှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းတို့မပြုလုပ်ရန် တားမြစ်လိုက်သည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ဝင်း
အမှတ် ၄၂၊ (၄) လွှာ၊ ဓမ္မာရုံလမ်း၊
ကန်တော်ကလေး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊
ရန်ကုန်မြို့။

အများသိစေရန် ကြေညာချက်

ကျွန်ုပ်တို့၏ အမှုသည် ဒေါ်ညွှန့်ညွှန့်ရှိန် ၁၂/ဒဂန(နိုင်)၀၇၉၇၅၅ ယခု လက်ရှိနေထိုင်သော ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဇ/တောင်ရပ်ကွက် သာဓုအိမ်ရာ တိုက်(၁)၊ အခန်း(၀၀၂) မြေညီထပ်တိုက်ခန်းသည် သားသမီးများ အိမ်ထောင်မကျမီက သမီးမစုနန္ဒာသန်းနှင့် မစောစန္ဒာသန်းတို့၏အမည်ဖြင့် အမည်ခံ ဝယ်ယူခဲ့ခြင်းသာဖြစ်ပြီး အမှန်တကယ်ပိုင်ဆိုင်သူမှာ မိခင် ဒေါ်ညွှန့်ညွှန့်ရှိန်နှင့် သားသမီးများသာဖြစ်ပါသည်။ ဒေါ်ညွှန့်ညွှန့်ရှိန်၏ သဘောတူခွင့်ပြုချက် မပါရှိဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ပေးကမ်း၊စွန့်လွှတ်ခြင်းမပြုလုပ်ပါရန်နှင့် မည်သူမဆို တစ်နည်းနည်းဖြင့် လွှဲပြောင်းလက်ခံရယူပါက မိမိတို့၏တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ညွှန့်ညွှန့်ရှိန်၏ လွှဲအပ်ညွှန်ကြားချက်အရ-

စစ်ကိုင်း ဦးငွေသန်း
ဒေါ်ညွှန့်ညွှန့်ကြည်
တရားရုံးချုပ်ရှေ့နေ **အထက်တန်းရှေ့နေ**
LL.B **L L . B . , D.B.L**

အမှတ် ၃၄၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း

ခရီးသည်(၆)ချိုး ...

ခရုသင်း သမင်ဖြူ

လေအေးပေးစက် နှင့်ပတ်သက်လာလျှင်

အထူးလျှော့ဈေးအစီအစဉ်

Discount Card ... Warranty Card

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် မလမ/၁၆၉၉ လက်ဝယ်ရှိသူ ဦးအောင်ခင်ဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၀/မလမ(နိုင်) ၁၃၂၇၉၀ ကိုင်ဆောင်သူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ၁၅ ရက်အတွင်း ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊(မော်လမြိုင်)**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအောင်ရွှေ၏ နိုင်ငံကူးလက် မှတ် အမှတ် ၃၀၃၈၂၈ သည် ပန်းဆိုးတန်းလမ်းတွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန် ကျေးဇူးဆပ်ပါမည်။

ဦးအောင်ရွှေ
၀၁- ၅၃၅၈၅၃၊ ၀၁-၅၂၄၅၃၀၊ ၀၉-၅၀ ၁၇၃၉၁

ဖခင်အမည်မှန်

အမက(၂)တာမွေ စတုတ္ထတန်း (က)မှ မောင်ဝေယံမိုး၏ ဖခင်အမည်မှန်မှာ ဦးသက်စိုး ၁၂/တမန(နိုင်)၀၅၂၂၉၄ ဖြစ်ပါကြောင်း။

ဦးသက်စိုး။

အိမ်နှင့်မြေရောင်းမည်

တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်း လမ်းပေါ်ရှိ ၂၅ပေ × ပေ ၁၀၀ မြေနှင့်အိမ်ပါ။ **အမှတ် (၃၁ A)**
တာမွေကြီး(ခ)ရပ်ကွက်
တောင်မြင်းပြိုင်ကွင်းလမ်း၊တာမွေမြို့နယ်။

အောင်မေတ္တာ

တစ်ခါသုံးရေခဲမုန့်ခွက်၊ ဖျော်ရည်ခွက်၊ ကျောက်ကျောခွက်၊ တစ်ခါသုံးခွက်အဖုံး၊ ဇွန်းအမျိုးမျိုးနှင့် ရေခဲမုန့်လှည့်စက်၊ ရေခဲမုန့်ထည့် စတီးဖုံး ရောင်းဝယ်ရေး၊ **ဖုန်း-၂၉၃၅၆၀။**
၄၆၊ဗညားဒလလမ်း၊မင်္ဂလာတောင်ညွှန့်။

ဦးတံညွန့်မောင်

ကမ္ဘာသုံးအင်္ဂလိပ်စာ နှင့်

စကားပြောသင်တန်း

တိုက်ခန်းရောင်းမည်

BONNYCARE (BEAUTY SALOON)
အမျိုးသား/အမျိုးသမီး

အထူးအစီအစဉ် (၅)ကြိမ်အားပေးသူကို တစ်ကြိမ်အခမဲ့ ဝန်ဆောင်မှု ပေးနေပါပြီ။

၅၄(C) ဆရာစံလမ်း၊ ဗဟန်း၊ ဖုန်း-၅၅၅၆၂၇

အများသိစေရန်

ကျွန်တော်၏ ဇနီးဖြစ်သူ ဒေါ်ခင်ခင်နု ၁၁/စတန(နိုင်) ၀၂၆၀၀၁ သည် မိမိ၏ရပိုင်ခွင့်များကို ယူဆောင်ပြီး ဆင်းသွားခဲ့ပါသည်။ ထို့ကြောင့် ၎င်းအား ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တစ်စုံတစ်ရာပတ်သက်ခြင်းမရှိပါကြောင်း။

မောင်စံရွှေ
၁၁/စတန(နိုင်)၀၂၆၀၃၀

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၉၅၆၇ မော်တော် ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများသည်သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက် အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ (ရန်ကုန်တိုင်း)

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်ချိုချိုဇော်မင်း (ခ)စိုးလေး ၁၂/မဂတ(နိုင်) ၀၈၂၁၇၄သည် မိခင်ဖြစ်သူ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

မိခင်-ဒေါ်ရီ(မိသားစု)
၁၂/မဂတ(နိုင်)၀၄၁၆၆၇

မာစီးဒေါက်ဆွဲမှ နှစ်သစ်ကူးအထူးအစီအစဉ်

လျှပ်စစ်အင်ဂျင်နီယာများအတွက် လက်တွေ့သင်တန်း

Orientation Course for Electrical Engineering Practice (OCEEP 01) ... Generators, Transformers, Circuit Breakers (D.C.B, A.C.B, V.C.B), Transmission Lines, Underground Cables, Programmable Logic Controller (P.L.C), Relays, Motors, Electrical Measuring Instruments, Lighting Arresters, (Protectron, T.V.S.S.), Electrical Earthing Systems, Electrical Safety Devices, Electrical Home Appliances, House Wiring Practical Training, Power Installation Practical Training, Internet & Email ... MICT Park ...

NPE

စာပေမြတ်နိုးသူများအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်

- မေတ္တာဖြူလွှမ်း အေးချမ်းသာယာ ပြည်မြန်မာနှင့်အခြားဆောင်းပါးများ
- ဘုရားစကားလိုက်နာပွားစို့နှင့် အခြားကဗျာများ
- မြန်မာ့ဦးစွန်း-မြန်မာ့မော်ကွန်း
- သမိုင်းတွင် သမိုင်းတင်မဲ့သို့ ချစ်ကြည်ရေးခရီးမှတ်တမ်းများ(မြန်မာ-အင်္ဂလိပ်)
- မှန်နန်းရာဇဝင် (ပ+ဒု+တတွဲ)
- ပြည်ထောင်စုအရေးမျှော်တွေးလို့ မြစ်စေချင်နှင့် အခြားဆောင်းပါးများ
- တပ်မတော်သမိုင်း (အတွဲ ၁မှ ၈)အထိ
- ဇာတ်တော်ကြီး ၁၀ ဘွဲ့ (မြန်မာ-အင်္ဂလိပ်)
- ပုဂံညောင်ဦးဒေသရှိ ရှေးဟောင်းစေတီပုထိုးများ (မြန်မာ-အင်္ဂလိပ်)
- မြန်မာပြည်ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ (မြန်မာ-အင်္ဂလိပ်)
- ငါးရာငါးဆယ် ဇာတ်ဝတ္ထု(အကျဉ်း) (ပ+ဒု) (မြန်မာ-အင်္ဂလိပ်)
- ရခိုင်ပြည်နယ် ဝေသာလီရပ်ရှိရှေးဟောင်းစေတီပုထိုးများ(မြန်မာ-အင်္ဂလိပ်)
- သိထားရမည့် အင်္ဂလိပ်စာလုံးတွဲများ၊ အင်္ဂလိပ်ဝါကျတည်ဆောက်ပုံများ
- အီရတ်စစ်မြေပြင်၊ မငြိမ်းချမ်းသောအီရတ်စစ်မြေပြင်
- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝတ်ရွတ်စဉ်
- အမေရိကကို လူတွေဘာကြောင့်မုန်း နှင့် စာပေကောင်းမျိုးပေါင်း ၁၀၀၀ ကျော်ကိုတစ်စုတစ်စည်းတည်း ဝယ်ယူရရှိနိုင်ပါပြီ။

(လက်ကျန် အနည်းငယ်သာကျန်ရှိပါသဖြင့် အမြန်ဝယ်မှ စိတ်ချရမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်
(၂၀၂)၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
☎ ၂၉၄၃၀၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး
၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃

ဒေါ်တင်တင်မော် **နှင့်** ဦးစန်းမောင်
တရားလို **တရားပြိုင်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၅၁–ရပ်ကွက်၊ မြဝတီမင်းကြီး(၂)လမ်း၊ အမှတ် (၁၁၉၉) နေဦးစန်းမောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်တင်တင်မော်က အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ်ဧပြီလ ၁၉ရက် (၁၃၆၆ခုနှစ် ကဆုန်လဆန်း ၁ရက်)နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၄ ခုနှစ် မတ်လ ၁၈ ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်မိုးသူဇာဦး(LLB. D.M.L)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တရားရုံး။

အမြန်ရောင်းမည်
တောင်ဥက္ကလာပ ၁၄/၁ ရပ်ကွက် ၁၁ လမ်း ပေ ၃၀ Xပေ ၆၀ ရေမီးစုံ။
ဖုန်း–၅၇၀၇၃၂

THREE STAR
Air-Con၊ ရေခဲသေတ္တာ တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်ရေး Good Second များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။
ဖုန်း–၇၀၅၇၈၄

ကမ်းခြေသကြၤန်
၁၁–၄–၂၀၀၄ ညထွက်မည်
(ကား၊ စား၊ တည်း)
ငပလီကမ်းသာယာ ၅ ရက် ကျပ် ၃၆၀၀၀
ငပလီ၊ ချောင်းသာ ၆ ရက် ကျပ် ၄၃၀၀၀
ချောင်းသာ ၃ ရက် ကျပ် ၃၀၀၀၀
ငွေဆောင် ၃ ရက် ကျပ် ၃၄၀၀၀
ဖုန်း–၀၁–၂၀၁၃၀၀၊ ၂၀၃၅၇၀
၁၅၀၊ အနော်ရထာလမ်း၊ ၄၇ လမ်းထိပ်၊ ရန်ကုန်။

ရန်ကုန်ပညာရေးတက္ကသိုလ်ပညာရေးဘွဲ့ စာပေးစာယူသင်တန်း

၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းသား ဆရာ/ဆရာမများ ကိုယ်တိုင် တက်ရောက်သင်ယူရမည့် နွေရာသီအနီးကပ်သင်တန်းနှင့် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်တွင် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

စဉ်	သင်တန်း	သင်တန်းကာလ	စာမေးပွဲကျင်းပမည့်ကာလ
၁။	အပတ်စဉ်(၂၂)ပထမနှစ်	၂၂–၄–၂၀၀၄ မှ ၁၃–၅–၂၀၀၄	၁၇–၅–၂၀၀၄ မှ ၂၀–၅–၂၀၀၄
၂။	အပတ်စဉ်(၂၁)ဒုတိယနှစ်		

နောက်အကျဆုံးသတင်းပို့ရမည့်ရက် – ၂၁–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့) သုံးရက်ထက် ကျော်လွန်နောက်ကျခြင်းကိုခွင့်မပြုပါ။

(စောထူးဘော) ဌာနခွဲမှူး (စီမံ)
ပညာရေးဘွဲ့စာပေးစာယူသင်တန်း
ရန်ကုန်ပညာရေးတက္ကသိုလ်

နှစ်(၅၀)မြောက် ရွှေရတုမင်္ဂလာဆုတောင်း

ဖေဖေ ဗိုလ်မှူးချုပ်မျိုးသန့်(ငြိမ်း)နှင့် မေမေ ဒေါ်ခင်လေးတင့်တို့၏ ၂၀၀၄ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ကျရောက်သော နှစ်(၅၀)မြောက် ရွှေရတုမင်္ဂလာနှစ်ပတ်လည်မှသည် စိန်ရတုသို့တိုင်အောင် သားသမီး၊ မြေး၊ မြစ်တို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သားသမီး၊ မြေး၊ မြစ်များ။

မင်္ဂလာဦးဆွမ်းကျွေးညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဦးဖိုးမင်းလမ်း၊ အမှတ် ၁၈ နေ
ဦးခင်အေး–ဒေါ်အေးကျင်
တို့၏ သားထွေး
မောင်တင်ထွဋ်
နှင့်
ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ နှင်းပန်းလမ်း၊ အမှတ် ၆ နေ
ဦးကြင်စိန်–ဒေါ်သန်းကြည်
တို့၏ သမီး
မနီနီဆန်း(ခ)မယု
B.Sc (Botny)

တို့၏ ၂၃-၃-၂၀၀၄ ရက်တွင် မဟာသန္တိသုခကျောင်းတော်ကြီး၌ ကျင်းပသော မင်္ဂလာဦး ဆွမ်းကျွေးညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဇနီးဒေါ်ခင်ဆွေမြင့် (ပါမောက္ခ–မြန်မာစာဌာန) ရန်ကုန်တက္ကသိုလ်အားလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်ဝင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်းတရားသူကြီး ဦးအောင်ငွေ အားလည်းကောင်း၊ မိတ်ကပ်–မေသန်း၊ ဓာတ်ပုံနှင့် ဗီဒီယို မှတ်တမ်းတင်ပေးသော ကိုဆန်းဝင်း(အပေါင်းလက္ခဏာရုပ်ရှင်)၊ မင်္ဂလာတေးဂီတမှူးကိုဝေလင်းနှင့်တေးသံရှင်များ၊ ကြွရောက်ကြသောလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်တင်ထွဋ်–မနီနီဆန်း(ခ)မယု ။

နေခြည်ခရီးသွားလုပ်ငန်း

သင်္ကြန်တွင်း မူဆယ်/ရွှေလီခရီးစဉ်

ဧပြီ ၁၀ ရက်မှ ၁၆ ရက်အထိ ၆ ညအိပ် ၇ ရက်
Asia Plaza Suilte 529/No. 268/Room(10) Yankin.
ဖုန်း–၇၂၁၅၇၀၊ ၇၀၁၁၈၈၊ ၅၈၀၂၅၈/လက်မှတ်လာဖြတ်ပေးမည်။

ဆေးတက္ကသိုလ်(၂)၁၉၈၃–၁၉၈၈ ခုနှစ် ကျောင်းသားကျောင်းသူဟောင်းများ

အာစရိယပူဇော်ပွဲ

ဆရာကန်တော့ပွဲနှင့် ပြန်လည်ဆုံတွေ့ပွဲကို ၂၀၀၄ခုနှစ် ကုန်ပိုင်းတွင် ကျင်းပမည်ဖြစ်ပါ၍ အောက်ပါသူငယ်ချင်းများနှင့် ဆက်သွယ်ကြပါရန်။

Dr. အေးဝင်းဆက် ၀၁–၆၆၀၂၃၀
Dr. နွယ်နီသန်း ၀၁–၂၀၀၄၉၃, ၀၉–၅၀ ၁၈၈၉၂
Dr. သင်းသင်းအေး ၀၁–၂၂၄၇၃၈
Dr. ဝင်းဝင်းမင်း ၀၁–၆၅၀၅၃၃
Dr. လှမြတ်ခိုင် ၀၂–၃၅၉၉၂
Dr. တေဇာတင် ၀၉– ၅၀ ၁၅၅၈၁
Dr. မျိုးသန့် ၀၁–၅၇၇၉၁၈, ၀၉–၈၀ ၃၄၀၇၀

ဓနုစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့ [illegible] အမှတ်(၃၀၆)နေ ဦးမျိုးမြင့်–ဒေါ်တင်စိန် တို့၏မြေး [illegible] အမှတ်(၅၁ ၂)နေ ဦးတင်ဝင်း–ဒေါ်သန်းအေး (မန်နေဂျိုး [illegible]) တို့၏ သားကြီး

မောင်သန်းနိုင်ဝင်း B.Sc(Chemistry) နှင့်

ရန်ကုန်မြို့ [illegible] အမှတ်(၃၃၃) နေ ဒေါ်ထွေး [illegible] တို့၏ မြေး ဦးသိန်းဝင်း–ဒေါ်လှလှမြင့် တို့၏ တတိယသမီး

မနုနုဝင်း B.Sc (Botany)

တို့သည် (၂၅-၃-၂၀၀၄)ရက်နေ့တွင် နှစ်ဖက်သော မိဘများနှင့်ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် ဓနုစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် မောင်သန်းနိုင်ဝင်း–မနုနုဝင်း။

စီးပွားရေးလုပ်ကိုင်ရန်မြို့လယ်ရှိနေရာကောင်းငှားမည်

သင်တန်းကျောင်းခန်းမ၊ ဘီလီယက်ခန်းမ၊ အားကစားကွင်းလေ့ကျင့်ရေးခန်းမ၊ ကျူရှင်သင်တန်း၊ ကွန်ပျူတာစင်တာနှင့် လုပ်ငန်းရုံးဖွင့်လှစ်ရန် အထူး သင့်တော်သည်။ (ပေ ၆၀X၃၆ပေ)နှင့် (ပေ ၃၀X၃၆ ပေ) နှစ်ခန်း ပထမထပ်၊ ၄၁လမ်း၊ ဗိုလ်တထောင်မြို့နယ်။ ရေချိုးခန်း၊ အိမ်သာပါ (ဗိုလ်ထိုင်တစ်) အရှေ့တိုင်း(တစ်) ဖုန်း (၃)လုံးပါ၊မီတာပါ။

ဖုန်း–၂၅၀၃၂၆၊ ၃၈၀၈၁၈၊ ၃၇၆၀၄၅၊ ၀၉၅၀–၂၁၆၉၂

ရှမ်းဒေသခုနစ် ရုပ်ရှင်ပြသမည် [illegible]

[illegible]

မွေးနေ့ရက်မြတ်မင်္ဂလာဆုတောင်းလွှာ

ကျွန်တော်ကျွန်မတို့၏ချစ်ခင်လေးစားရပါသော ဆရာဦးကျင်ဝှက်(ခ) ဦးကျော်ကျော်(M.D,Asia Point Bowling Centre)၏ (၂၈. ၃. ၂၀၀၄) ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် [illegible] နှစ်ပေါင်းများစွာတိုင်အောင် [illegible] သားလေး [illegible] တို့နှင့်အတူ ကျန်းမာခြင်းချမ်းသာခြင်း [illegible] သောအခါ ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Asia Point Bowling Centre
မှ
ချစ်တပည့်များ

တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံး–ရန်ကုန်
၂၀၀၄/၂၀၀၅ ခုနှစ် အတွက် လိုင်စင်များ
လေလံကြော်ငြာ

၁။ ရန်ကုန်တပ်မြို့စည်ပင်သာယာရေးအဖွဲ့ ၂၀၀၄ခုနှစ် ဧပြီလ(၁)ရက်နေ့မှ ၂၀၀၅ခုနှစ် မတ်လ (၃၁)ရက်နေ့ထိကာလအပိုင်းအခြားအတွက် ရန်ကုန်တပ်မြို့ဈေး အောက်ဖော်ပြပါ အခွင့်အရေးလိုင်စင်လေလံများအား ၂၀၀၄ခုနှစ် မတ်လ ၃၀ရက်နေ့ (၁၃း၀၀)နာရီအချိန် ရန်ကုန် တပ်မြို့ဈေးရုံးခန်းတွင် လေလံပစ်မည်ဖြစ်ပါ၍ နိုင်ငံခြားသားများမှအပ မည်သူမဆို ယှဉ်တွဲဖော်ပြပါ စပေါ်ငွေများ တင်သွင်း၍လာရောက်လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	လိုင်စင်အမည်	စပေါ်ငွေ
(က)	နေ့စဉ်ဈေးကောက်	၅၇၀၀၀
(ခ)	အိမ်သာခကောက်ခံခွင့်	၈၂၃၀၀

၂။ လေလံစည်းကမ်းချက်များနှင့် အသေးစိတ်အခြေအနေများသိရှိလိုပါက ရန်ကုန် တပ်မြို့ စည်ပင်သာယာရေးအဖွဲ့ရုံး ရုံးချိန်အတွင်း လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်။

အတွင်းရေးမှူး
တပ်မြို့စည်ပင်သာယာရေးအဖွဲ့ ရန်ကုန်
ဖုန်း–၆၅၁၈၅၈၊ ၆၅၁၈၆၀

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၁၄၃ နေ ဦးစိုးသူရ နိုင်ငံသားစိစစ်ရေးကတ် ၁၂/မဂတ(နိုင်)၀၈၅၂၉၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အောက်တွင် ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် ၄/၁၃၄၇/၀၄ အရ မှတ်ပုံတင် ထားပြီးဖြစ်ပါသည်။

Vker®

အဆိုပါကုန်အမှတ်တံဆိပ်ကို အသုံးပြုလျက် စပီကာအမျိုးမျိုး၊ ဂူဖာအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုးတို့ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

အဆိုပါကုန်အမှတ်တံဆိပ် အသုံးပြု၍သော်လည်းကောင်း၊ ဆင်တူယိုးမှား ပြုလုပ်၍သော်လည်းကောင်း၊ ပုံတူပြုလုပ်၍သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို တုပသုံးစွဲခြင်းများ မပြုလုပ်ကြရန် သတိပေးကြေညာအပ်ပါသည်။

လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးအောင်ဘော် LL.B, DBL, DML.
ဒေါ်အေးအေးစိုး B.Sc, Hons(I.C) H.G.P, RL, DBL.
တရားရုံးချုပ်ရှေ့နေများ
အမှတ် ၂၇(က)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၀၉–၅၀၁–၇၀၄၄၊ ၂၉၄၈၆၆

မဟာ

၅ နှစ်အာမခံ (လက်ခံ)

မီးအားမြှင့်စက်ကို ဈေးနှုန်းသက်သာစွာဖြင့်



3 kW နှင့်အထက်ဝယ်ယူသူများအတွက်
- အိမ်တိုင်ယာရောက် ပို့ဆောင်ပေးခြင်း(ရန်ကုန်မြို့တွင်းသာ)။
- အခမဲ့ တပ်ဆင်ပေးခြင်း ။
- လက်ဆောင်ပစ္စည်းများ ထည့်ဆောင်ပေးခြင်း ။

SALES CENTERS ၁-၄-၂၀၀၄ မှ ၃၁-၅-၂၀၀၄ အထိ

[illegible]

ဌာနဆိုင်ရာလုပ်ငန်းများနှင့် စက်မှုဇုန် စက်မှုလုပ်ငန်းများအတွက်

[illegible]

ကျပ်ကြိုးအမျိုးမျိုး [illegible]

No. 8, No. 10. 12 (4 mm∅, 3.25 mm ∅, 2.5 mm ∅)

[illegible]

E-mail Address: mfwmin @ myanmar.com.mm

ဦးငွေသိန်း(ခ)ဦးမင်းသိန်း
(ပထဝီဝင်)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၅၁၊ ရတနာပုံ ၂လမ်း၊ (၁၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဒေါ်သန်းသန်း၏ခင်ပွန်း၊ မောင်မျိုးကျော်-မစပယ်တို့၏ဖခင်၊ မစိုးသန္တာလင်း၏ အဘိုးသည် ၂၇-၃-၂၀၀၆ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၀၆ ရက်(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
ဦးထွန်းထွန်း(ရှေဦး)
(1 A/E, M.V YTHAN,EASTWIND)

မိသားစုအပေါ်သံယောဇဉ်ကြီးမားပြီး တာဝန်ကျေပွန်သော ကျေးဇူးရှင် ချစ်ခင်ပွန်းကိုထွန်း မိသားစုနှင့်ရုတ်တရက်ခွဲခွာသွားသည်မှာ ဒီနေ့ ၂၈-၃-၂၀၀၆ ရက်မှာ တစ်လပြည့်ပါပြီ။ ကိုထွန်းအတွက် ရည်စူးပြီး ပြုလုပ်ခဲ့သမျှသော ကုသိုလ်ကောင်းမှုအစုစုတို့ကို ကိုထွန်းအားအမျှပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိ၍ သာဓုခေါ်ဆိုနိုင်ပါစေ။ ဖေကြီးရေ အမျှ-အမျှ-အမျှ။

နေ့စဉ်နှင့်အမျှသတိရလွမ်းဆွတ်လျက်-

ချစ်ဇနီး-ဝင်းဝင်းသိန်း
ချစ်သမီး-ခိုင်စုစုထွန်း
ချစ်သား-မင်းမင်းထွန်း။

ရဟန်းအမ
ဒေါ်ခင်ကြိုင်
(တံတားရှာ)
အသက်(၆၅)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၆)ရပ်ကွက်၊ မြတ်မွန်လမ်း၊ အမှတ် ၅၈၆နေ ဦးသန်းတင်(လဝက၊ ငြိမ်း)၏ဇနီး၊ မညွန့်ညွန့်ဝေ၊ ဦးတင်ဝင်း-ဒေါ်ခင်လေးမေ(ကပစ-၁၄)၊ ဗိုလ်ကြီးသက်တင်(ငြိမ်း)-ဒေါ်အေးအေးသန်း၊ ဦးဇော်မင်း(လသာတရားရုံ)-ဒေါ်ခင်ခင်ဌေး (လဝက)၊ဦးထွန်းထွန်းလင်း-ဒေါ်စန်းစန်းဌေး (လဝက)၊(မောင်မျိုးမင်းအောင်)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၇-၃-၂၀၀၆ရက်(စနေနေ့)မွန်းလွဲ ၁း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၀၆ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြလွင်
(မင်းလှ၊ ထန်းပင်ကုန်း)
အသက်(၈၀)

မင်းလှမြို့၊ ထန်းပင်ကုန်းကျေးရွာနေ (ဦးဘကျင်-ဒေါ်သိန်း)တို့၏ သမီး၊ သာယာဝတီမြို့နေ (ဦးခ-ဒေါ်လှ)တို့၏ သမီးချွေးမ၊ အင်းစိန်မြို့သစ်၊က-၇လမ်း၊ အမှတ် ၁၇၉/၁၈၀ နေ ဦးအောင်ကြီး(လ/ထညွှန်ကြားရေးမှူး၊ငြိမ်း)-ဒေါ်ကြူကြူ၊ ဦးမောင်ကို-(ဒေါ်မူမူ)၊ ဦးအုန်းသွင်(G.T.C၊အောင်ဆန်း)-ဒေါ်ဝင်းဝင်းဌေး၊ ဦးစိုးအောင်(MEPE၊ရန်ကုန်တိုင်းပုံဆွဲ)-ဒေါ်ခင်မာချို၊ ဦးမောင်မောင်လွင်(MEPE၊တွံတေး)-ဒေါ်အေးမာလာ၊ ဦးထွန်းထွန်း(MEPE၊ မော်တော်ယာဉ်)-ဒေါ်ယဉ်ယဉ်ထွန်းတို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၂ ယောက်တို့၏ အဘွား၊ (ဦးလှမောင်)၏ ဇနီးသည် ၂၇-၃-၂၀၀၆ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၀၆ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါတံတားများအတွက် တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်လိုသူများအား တင်ဒါဖိတ်ခေါ်ပါသည်။

(က)	မူးမြစ်ကူးတံတား	ရေဦးမြို့နယ်
(ခ)	ချင်းတွင်း(ဆင်ဖြူရှင်)တံတား	ချောင်းဦးမြို့နယ်
(ဂ)	ရေးမြစ်ကူးတံတား	ရေးမြို့နယ်
(ဃ)	မြို့ကွင်းတံတား	ဟသ်ာတမြို့နယ်
(င)	ဖားတစ်ရှဉ်း (ဖားရှဉ်း)တံတား	ကြံခင်းမြို့နယ်

၂။ ချိပ်ပိတ်တင်ဒါတင်သွင်းလိုပါက သတ်မှတ်ထားသည့်တင်ဒါစည်းကမ်းနှင့် ချုပ်ဆိုရမည့်စာချုပ်မူကြမ်းကို သက်ဆိုင်ရာ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ/ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(သို့မဟုတ်) သက်ဆိုင်ရာ မြန်မာ့မီးရထား၊ မန်နေဂျာ(သွားလာရေး/တိုင်း)တိုင်းရုံးများတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ချိပ်ပိတ်တင်ဒါတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါတင်သွင်းရမည့်ရက်၊အချိန် - ၃၀-၃-၂၀၀၆ (အင်္ဂါနေ့) ဝ၉း၀၀နာရီမှ ၁၂း၀၀နာရီထိ

၄။ ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်ရက်၊အချိန် - ၃၀-၃-၂၀၀၆ (အင်္ဂါနေ့) မွန်းလွဲ ၁၃း၀၀နာရီတိတိ

မြန်မာ့မီးရထား
ဖုန်း-၀၁-၂၉၁၃၉၆၊ ၀၁-၂၀၁၅၅၅၊ လိုင်းခွဲ(၄၂၈)။

လူပျောက်ကြော်ငြာ

မစန်းမြင့်မော်(ဘ)ဦးစိုးမြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၇/ပခန(နိုင်)၁၃၄၁၅၆၊ အသက်(၃၆)နှစ်သည် ပဲခူးမြို့မိဘများနေအိမ်မှ ၂၂-၃-၂၀၀၆ ရက်တွင် စိတ်ဝေဒနာကြောင့် ထွက်သွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ထင်ရှားသည့်အမှတ်အသား - ဆံပင်တို၊ အသားလတ်၊ မျက်လုံးပြူး။
ဆက်သွယ်ရန်လိပ်စာ - ဦးစိုးမြင့်
၁၇၈၇၊ ဒီပါရုံကျောင်းလမ်း၊ ကျောက်ဖူးကုန်းရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း-၀၅၂-၂၃၆၁၁။

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှ ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ လေဆိပ်ရိပ်သာလမ်းသွယ်(၁)ရှိ လုံကွဲစမ်းကွင်းအမှတ်(၃၉၅)၊ဦးပိုင်အမှတ်(၁၀၆/$\frac{၂}{က}$)ရှိ အမှတ်၁၆ဟုခေါ်တွင်သော အလျားပေ ၁၆၀ X အနံ၅၅ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရှင်ဖြစ်သူ ဦးနေလင်းအောင် ၁၂/အစန(နိုင်)၀၂၀၁၀၀ နှင့် ဒေါ်နုနုရီစိုး ၁၂/အလန(နိုင်)၀၂၀၁၃၅ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအုန်းရွှေ
LL.B.,D.B.L,D.M.L, D.A.Psy
အထက်တန်းရှေ့နေ
အမှတ် ၉၊ အခန်း ၆၊ ၃၄လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယိကာမကြီး
ဒေါ်ခင်အေးမြင့်(ပန်းတနော်)
အသက်(၅၇)နှစ်

ပန်းတနော်မြို့နေ (ဦးဘချစ်-ဒေါ်အုန်းရှင်)တို့၏သမီး၊ (ဦးကျင်ရွှေ-ဒေါ်မမကြီး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အနောက်ရန်ကင်း၊ တိုက်အမှတ် ၃၇၁၊ အခန်း အမှတ် ၁၉ နေ ဦးဝင်းမြင့်(ရေလုပ်ငန်း၊အငြိမ်းစား)၏ဇနီး၊ ဦးအိန္ဒစာရ(ခ)ဦးမြင့်ဦး၊ ဦးအေးလှိုင် - ဒေါ်အမာတင် (လဝက)တို့၏ ညီမ/အစ်မ၊ ဒေါ်မာလာမြင့် (တနင်္သာရီအပြည်ပြည်ဆိုင်ရာလီမိတက်)-ဦးထိန်ဝင်း၊ ဦးအောင်နိုင်မြင့်-ဒေါ်ဇင်မေဦး၊ ဒေါ်နီလာမြင့်-ဦးထင်ကျော် (Rothman of Pall Mall Myanmar)၊ ဒေါ်မေဖြူဖြူမြင့် (M.C.P.L Co, Ltd.)-ဦးလှိုင်ဝင်း(Star Shipping) တို့၏မိခင်၊မြေးသုံးယောက်တို့၏အဘွားသည် ၂၆-၃-၂၀၀၆ရက် (သောကြာနေ့)နံနက် ၀၀း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၀၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

၁-၄-၂၀၀၆ရက်(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးစောသိန်း(ခ)လူရှည်မောင်
(မင်းပြားအသင်း)
ဆောက်လုပ်ရေး
အသက်(၆၂)နှစ်

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နေ (ဦးမောင်လွမ်းဦး-ဒေါ်ရွှေနှင်းဦး)တို့၏သား၊ (ဦးလှသိန်း)-ဒေါ်စိန်စိန်(ခ) ဒေါ်ကြာလှစိန်တို့၏သားသမက်၊ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် ၇၁နေ ဒေါ်ယဉ်ယဉ်ဌေး၏ခင်ပွန်း၊ မနိုင်နိုင်မော်၊ မောင်ဇော်ဇော်နိုင်၊ မောင်မင်းမင်းဇော်၊ မောင်ထွန်းထွန်းလင်း၊ မကြူကြူလွင်၊ မောင်ကျော်ရှိန်၊ မသီရိတို့၏ဖခင်သည် ၂၆-၃-၂၀၀၆ရက် ညနေ ၃း၃၀နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၀၆ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ ညနေ ၃ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်း
(ကနောင်)
ဆသရ(ကြေးနန်း-ငြိမ်း)
အသက်(၆၃)နှစ်

ကနောင်မြို့၊ အလယ်ရပ်နေ (ဦးစံသိန်း-ဒေါ်မြမေ)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၂၄၊ စိမ်းမြသာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးစိုးထွေး(စာရင်းကိုင်-၁၊ ဆသရ၊ ငွေစာရင်း၊ ငြိမ်း)၏ဇနီး၊ ဦးခင်စိန်၊ ဦးအေးကြည်-ဒေါ်မြငြိမ်း၊ ဦးဝင်းမောင်မြင့်၊ ဒေါ်ခင်စန်းမြင့်တို့၏အစ်မကြီး၊ ဒေါ်ဝေနိုင်ဦး၊ ဦးစိုးသန်းအောင်(ဆသရ၊ ပဲခူးကွန်ပျူတာ)၊ ဦးသန်းထိုက်စိုး (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်ဌာန)တို့၏မိခင်သည် ၂၆-၃-၂၀၀၆ရက်(သောကြာနေ့) ညနေ ၄း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၀၆ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ် ၂၈၉၊ မဟာဗန္ဓုလလမ်း၊ဗိုလ်ကလေးဈေးလမ်းထိပ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။ အမှတ် ၂၄၊ စိမ်းမြသာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ညခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
အာလ်ဟာဂျ်အရွတ်
မိုဟာမက်ပတေးလ်
အသက်(၆၂)နှစ်

မန္တလေးမြို့၊ အမှတ် ၂၀၀/၇၊ ငပိတန်းလကျားရပ်နှင့် ရန်ကုန်မြို့၊ အမှတ် ၆၉(အီး)၊၆ (၁/၂)မိုင်နေ (ဟာဂျီအမ်အီးပတေးလ်-ဟာဂျီမအမီနာဘီဘီ)တို့၏သား၊ ဟာဂျီမဟာဇရာဘီဘီ(ဘိုလတ်အထွေထွေလုပ်ငန်းကုမ္ပဏီလီမိတက်)၏ခင်ပွန်း၊ (ဟာဂျီအာမက်ပတေးလ်၊ ဟာဂျီမဟဝါဘီဘီ၊ ဒေါ်ဂိုရီဘီဘီ၊ ဒေါ်ချိုတီဘီဘီ)၊ ဟာဂျီဦးဆူလမန်ပတေးလ်တို့၏ညီ/မောင်၊ ရန်ကုန်မြို့နေ(ဟာဂျီအီစ်ဟာက်ပတေးလ်)၊ မန္တလေးမြို့နေ (ကာစင်ပတေးလ်)၊ ဟာဂျီရာကွတ်ပတေးလ်တို့၏ညီသည် ၂၇-၃-၂၀၀၆ ရက် နံနက်၅း၃၀နာရီတွင်အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စိန်ရီ
ကုန်သွယ်ရေး(၉)
စက္ကူ/ဓာတ်ပုံ
(အငြိမ်းစား)
အသက်(၅၇)နှစ်

ရန်ကုန်မြို့နေ [ဦးတင်အေး(ခ)ကန်တိတ်ရင်(CDP)-ဒေါ်စောညွန့်]တို့၏သမီးကြီး၊ ဒေါ်ခင်ဌေးရီ၊ ဦးမောင်မောင်တင်၊ မောင်ဂျော်နီ၊ မောင်လှဇော်၊ မောင်တင်ထွေးတို့၏အစ်မကြီး၊ အကျဉ်းဦးစီးဌာန၊ မန္တလေးဗဟို အကျဉ်းထောင်၊ ဆေးထောင်မှူး ဦးသန်းထွန်း(ခ)တော်ကျော်၏ ဇနီးသည် ၂၆-၃-၂၀၀၆ရက်(သောကြာနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၃-၂၀၀၆ရက်(စနေနေ့)ညနေ ၄ နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊
ကျောင်းဒါယိကာမကြီး
ဒေါ်လှရှင်
(သုံးခွ၊မင်းရွာ)
အသက်(၇၅)နှစ်

သာကေတမြို့၊ မင်းနန္ဒာစာသင်တိုက်မှရှင် ဝိနိယ၏ရဟန်းမယ်တော်၊ သုံးခွမြို့နယ်၊ မင်းရွာကျေးရွာနေ (ဦးဘိုးမှီ-ဒေါ်ငွေညွန့်)တို့၏သမီး၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊ ဇင်္ဂမလမ်း၊ အမှတ် ၃၂ နေ (ဦးအောင်တင်)ဂျိုးသိန်းမဆလာ၏ဇနီး၊ ဗိုလ်မှူးသန်းထိုက်-ဒေါ်မြင့်မြင့်မာ၊ ဦးခင်ဇော်-ဒေါ်ကြူကြူလွင်၊ မသီတာချိုတို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၅-၃-၂၀၀၆ရက် နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကိုမျိုးလွင်
ငွေစာရင်း(ငြိမ်း)
အမှတ်(၃)သတ္တုတွင်း
အသက်(၄၄)နှစ်

(ဦးဆင့်-ဒေါ်လှဝင်း)၊ (ဦးကျော်တင့်)-ဒေါ်သန်းတို့၏မြေး၊ ဦးစိန်မောင်- ဒေါ်ညွန့်ညွန့်တို့၏သားကြီး၊ ကိုသောင်းထိုက်-မငွေငွေအေး၊ ကိုစိုးထွန်း-မမြင့်မြင့်စိန်၊ ကိုသန်းလွင်-မသန္တာဦး၊ ကိုဝင်းတင်(ခ)ကိုဖြိုး(အင်ကြင်း အလှပြုပြင်ရေး)၊ ကိုမိုးမင်း-မတင်တင်ဝင်း၊ ကိုတင်မျိုးအောင်- မမြမြသန်းတို့၏အစ်ကိုကြီး၊ တူ တူမ ၁၁ ယောက်တို့၏ဘကြီးသည် အမှတ် ၂၇၆၊ မင်းရဲကျော်စွာ ၁ လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်၌ ၂၇-၃-၂၀၀၆ရက် (စနေနေ့)မွန်းလွဲ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၀၆ ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မလှဲ့လှဲ့မောင်
အသက်(၂၉)နှစ်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ အမှတ် ခ/၃၉၂၊ ဈေးကုန်းရပ်ကွက်နေ ဦးသာရွှေ-(ဒေါ်စန်းစန်းမြင့်)တို့၏ သမီးကြီးသည် ၂၄-၃-၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ် ၅၆၊ ရွှေဟသ်ာလမ်းသွယ်-၂၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၀၆ရက်(တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ခွန်းမြွက်ကြား စစ်ကြောင်းကြီးကိုးကြောင်း ချီတက်အလေးပြုပြီး တပ်မတော်နေ့မိန့်ခွန်းနာခံ

ရန်ကုန် မတ် ၂၇

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့်ချေမှုန်းရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ဒို့တာဝန်အရေးသုံးပါးကို

စာမျက်နှာ ၅ ကော်လံ ၁ ✻

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်ကိုစစ်ဆေး

(၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်ကို စစ်ဆေးစဉ်။ (မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ယနေ့ထုတ်စောင်ရေ - ၂၀၀၂၉၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
မြွက်ကြားသည့် မိန့်ခွန်းကောက်နုတ်ချက်

★ တပ်မတော်သည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစွာပထမ အားထုတ်လုပ်ကိုင်ခဲ့သည့်အတွက် နယ်စပ်ဒေသများပါမကျန် အေးချမ်းသာယာလာခဲ့သည်။

★ နိုင်ငံတော်အေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ တစ်နိုင်ငံလုံး အကြားအလပ်မရှိ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်ဆောင်ရွက်ခဲ့သည်။

★ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး (၂၄)ခု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းစသည့် စီမံကိန်းကြီးသုံးခုကို ကွန်ရက်ပမာ ချိတ်ဆက်ဖော်ဆောင်လျက် ရှိသည်။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးရေးနှင့် အခြားစီးပွားရေးအခြေခံအဆောက်အအုံများကို လိုအပ်သည့် နေရာတိုင်းတွင် အစုလိုက်အဖွဲ့လိုက် တည်ဆောက်ပေးလျက်ရှိသည်။

★ တစ်နိုင်ငံလုံး အလျားလိုက်၊ ဒေါင်လိုက် ဆက်သွယ်သွားလာနိုင်ရန် လမ်းနှင့်တံတားကြီးများကို ဆောက်လုပ်ပေးခဲ့သည့် အတွက် ဒေသတစ်ခုနှင့်တစ်ခု အပြန်အလှန်အထောက်အကူပြုပြီး တိုးတက်လာကြပြီဖြစ်သည်။

★ ဒေသအားလုံးတွင် အရည်အချင်းမြင့်မားသည့် လူသားအရင်းအမြစ်များ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးစေရန်အတွက် ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာလိုအပ်ချက်များကို ထိထိရောက်ရောက်ဆောင်ရွက် ပေးလျက်ရှိသည်။

★ နိုင်ငံတော်သည် အနာဂတ်ကာလတွင် ကမ္ဘာနှင့်ရင်ပေါင်တန်းပြီး ခေတ်မီရန်အတွက် စက်မှုနိုင်ငံဖြစ်အောင် ဆက်လက် ဆောင်ရွက်ကြရမည်ဖြစ်သည်။

★ စက်မှုနိုင်ငံထူထောင်နိုင်ရန် လိုအပ်သည့် လျှပ်စစ်စွမ်းအား တိုးတက်ထုတ်လုပ်ရေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် အခြားသယံဇာတများ တူးဖော်ရေးလုပ်ငန်းတို့ကိုလည်း အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။

★ နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းကြီးများ၊ ပုဂ္ဂလိကပိုင်စက်မှုဇုန်များ တည်ထောင်ဖွင့်လှစ်ပေးပြီး စက်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသည်။

★ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေခြင်းသည် နိုင်ငံတော်တွင် စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးအတွက် လိုအပ်သည့်အခြေခံများကို ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။